မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလပြည့်နေ့၊ ၂၀၀၉ ခုနှစ်၊ မတ် ၁၀ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၆၁)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော်ရှိ ဥပ္ပါတသန္တိကုန်းတော်ပြင်၌ တည်ဆောက်ပြီးစီးအောင်မြင်ခဲ့သည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် မိသားစု တက်ရောက်ကြည်ညိုကြပြီး ဗုဒ္ဓရုပ်ပွားတော်အား ရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၉

နေပြည်တော်ရှိ ဥပ္ပါတသန္တိကုန်းတော်ပြင်၌ တည်ဆောက်ပြီးစီးအောင်မြင်ခဲ့သည့် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လိုဏ်တော်အတွင်း၌ သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ ဆက်လက်ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုတို့ တက်ရောက်ကြည်ညိုကြပြီး လိုဏ်တော်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူသော မဟာမဏိမယ ကဿပဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်းရုပ်ပွားတော်အား မြသပိတ်ဖြင့် ဆွမ်းတော်၊ သစ်သီးဆွမ်း၊ ပန်းမန်၊ ရေချမ်းနှင့် ရွှေကြာသင်္ကန်းတော်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

တက်ရောက်ကြည်ညို

မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်များ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရနှင့် အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ညောင်တုန်း ဆရာတော် ဘဒ္ဒန္တဩဘာသာဘိဝံသတို့ အမှူးပြုတော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ၊ ***စာမျက်နှာ ၆ ကော်လံ ၁*** *

မြသပိတ်ဖြင့် ဆွမ်းတော်၊ သစ်သီးဆွမ်း၊ ပန်းမန်၊ ရေချမ်းနှင့် ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်း

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်တော်အတွင်း ဥတ္တရဒိသာ မြောက်ဘက်အရပ်မျက်နှာရှိ မဟာမဏိမယ ကဿပဗုဒ္ဓပဋိမာ ရတနာ ကျောက်စိမ်း ရုပ်ပွားတော်အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုများက မြသပိတ်ဖြင့် ဆွမ်းတော်၊ သစ်သီးဆွမ်း၊ ပန်းမန်၊ ရေချမ်းနှင့် ရွှေကြာသင်္ကန်းတော်တို့ကို ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ ခုနှစ် မတ် ၁၀ ရက်)

တပေါင်းလပြည့် နေ့ထူးနေ့မြတ်ချိန်ခါသမယ ကုသိုလ်ကောင်းမှုပြု၍ တရားဘာဝနာများပွားများ

ယနေ့သည် ၁၃၇၀ပြည့်နှစ် တပေါင်းလပြည့်နေ့ဖြစ်ပြီး ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ ထူးမြတ်သော အခါသမယနေ့ဖြစ်သည်။

တပေါင်းလသည် ဆောင်းအကုန် နွေအကူး နွေဦးအစကာလဖြစ်၍ မအေးလွန်း၊ မပူလွန်းသော ရာသီကာလဖြစ်သည်။ ဤလတွင် ရာသီပန်းအနေဖြင့် အင်ကြင်းပန်းနှင့် သရဖီပန်းများပွင့်ကြသည်။

ဗုဒ္ဓဘုရားရှင်သည် ဥဒါယီမထေရ်၏ လျှောက်ထားချက်အရ ရာဇဂြိုဟ်ပြည်မှ ခမည်းတော်ရှိရာ ကပိလဝတ်ပြည်သို့ ကြွချီတော်မူခဲ့သည်။ ဗုဒ္ဓဘုရားရှင်သည် ဥဩင့်ပါ သာယာကြည်နူးဖွယ်ကောင်းသော ခါနွေဆန်းစ တပေါင်းလတွင် ကာဠုဒါယီအမတ်ကြီး၏ လျှောက်ထားချက်အရ ရာဇဂြိုဟ်ပြည်မှ ခမည်းတော်ရှိရာ ကပိလဝတ်ပြည်သို့ ကြွချီတော်မူခဲ့သည်။

တပေါင်းလ၏ ရာသီပွဲတော်သည် သဲပုံစေတီပွဲဖြစ်သဖြင့် ရှေးအခါက သဲသောင်ပြင်များတွင် သဲများကိုစုပုံ၍ စေတီအသွင်ပြုကာ သဗ္ဗညုတ မြတ်စွာဘုရားအား ရည်မှန်းပြီး ပူဇော်ပွဲကျင်းပကြခြင်းဖြစ်သည်။ ယင်းကိုအကြောင်းပြု၍ တပေါင်းလပြည့်နေ့တွင် သဲပုံစေတီပွဲများ တည်ထားကိုးကွယ်ကြသည်။

ယခုအခါ နေပြည်တော်ရှိ ဥပ္ပါတသန္တိကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနား၊ အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်မဟာမင်္ဂလာအခမ်းအနား၊ ရတနာစိန်ဖူးတော်နှင့် ရတနာငှက်မြတ်နားတော် တင်လှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ဥပ္ပါတသန္တိစေတီတော်၌ သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် သဗ္ဗညုတဘုရားရှင်၏ သာသနာတော်ကြီး အရှည်တည်တံ့ ပြန့်ပွားထွန်းကားစေရေးအတွက် ထုံးတမ်းစဉ်လာရှိခဲ့သည်နှင့်အညီ ချီးကျူးဂုဏ်ပြု ပူဇော်ပွဲများကို အလေးအမြတ်ထား ဆောင်ရွက်လျက်ရှိသည်။

တပေါင်းလပြည့်နေ့တိုင်း သာသနာတော်၌ ပရိယတ်၊ ပဋိပတ်တာဝန်ကို ကြိုးပမ်းထမ်းရွက်လျက်ရှိသော ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများနှင့် သာသနာ့ဝန်ထမ်း ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို နှစ်စဉ်ဆက်ကပ်လှူဒါန်းပူဇော်လေ့ရှိသည်။

သို့ဖြစ်ပေရာ ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းပြန့်ပွားလျက်ရှိသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၌ တိုင်းရင်းသားပြည်သူများသည် တပေါင်းလပြည့်နေ့အခါသမယ၌ ဒါန၊ သီလ၊ ဘာဝနာများ ပွားများအားထုတ်ခြင်းဖြင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

နိုင်ငံတကာ ငွေကြေးအကျပ်အတည်းကာလ ဖွံ့ဖြိုးရေး ပုံစံပြောင်းလဲရန် အခွင့်အရေးဖြစ်

ပေကျင်း မတ် ၉

လောလောဆယ်ကြုံတွေ့နေရသော နိုင်ငံတကာငွေကြေးအကျပ်အတည်းက တရုတ်ပြည်၏ စီးပွားရေးအပေါ် ဆိုးဆိုးရွားရွား ရိုက်ခတ်သည့်ကြားမှပင် တရုတ်ပြည်အတွက် အခွင့်အလမ်းကောင်းတစ်ရပ်ကို ဖော်ဆောင်ပေးသည့် အဓိပ္ပာယ်ဆောင်ကြောင်း တရုတ်သမ္မတ ဟူကျင်တောင်က ပေကျင်းမြို့၌ မတ် ၇ရက်တွင် ပြောကြားလိုက်သည်။

လက်မလွှတ်သင့်

တရုတ်ပြည်အနေဖြင့် ဖွံ့ဖြိုးရေးပုံစံပြောင်းလဲရေးနှင့်တကွ စီးပွားရေး မှန်မှန်နှင့်မြန်မြန်တိုးတက်မှုကို ထိန်းထားနိုင်ရေးအတွက် ဖွဲ့စည်းတည်ဆောက်ရေး ပုံစံပြောင်းလဲမှုကို အကောင်အထည်ဖော်ရန် ဤအခွင့်အရေးကို လက်မလွှတ်သင့်ကြောင်း သမ္မတဟူကျင်တောင်က တိုက်တွန်းလိုက်သည်။

တရုတ်နိုင်ငံ ကွမ်တုန်ပြည်နယ်မှ တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက်ကိုယ်စားလှယ်များအစုအဖွဲ့ ဆွေးနွေးပွဲတွင် သမ္မတဟူကျင်တောင်က ထိုသို့တိုက်တွန်း ပြောကြားခြင်းဖြစ်သည်။

အသွင်ကူးပြောင်းစေနိုင်

စိန်ခေါ်မှုနှင့် အခွင့်အရေးသည် အမြဲယှဉ်တွဲလာတတ်ကြောင်း၊ ထိုသို့သောအခြေအနေများတွင် တစ်စုံတစ်ရာကို အသွင်ကူးပြောင်းသွားစေနိုင်ကြောင်း ၄င်းက ထည့်သွင်းပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန်စီးပွားရေး မြှင့်တင်ရန် လိုအပ်သမျှဆောင်ရွက်မည်ဟု အိုဘားမား ပြောကြား

ဝါရှင်တန် မတ် ၉

စီးပွားရေးမြှင့်တင်ရေးအတွက် လိုအပ်သမျှအားလုံးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက မတ်၇ရက်တွင် အာမခံပြောကြားလိုက်ပြီး အမေရိကန်ပြည်ထောင်စုအနေဖြင့် ခက်ခဲသော ရွေးချယ်မှုတို့နှင့် ကြုံတွေ့ရင်ဆိုင်ရမည်ဖြစ်ကြောင်း သတိပေးလိုက်သည်။

အဆိုပြုချက်များထုတ်

ဇန်နဝါရီ ၂၀ရက်တွင် သမ္မတရာထူး စတင်တာဝန်ထမ်းဆောင်ကတည်းက စီးပွားရေးအကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရန် သမ္မတအိုဘားမားက အဆိုပြုချက်များကို အဆက်မပြတ်ထုတ်ခဲ့သည်။

ပြောကြား

ဤအကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရေးမှာ မလွယ်ကူကြောင်း၊ နေ့ချင်း ညချင်း ပြီးစီးမည်မဟုတ်သည်ကို မိမိသိရှိကြောင်း၊ မိမိတို့အစိုးရက ဤအကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းပြီး အောင်မြင်စေရန် လိုအပ်သမျှကို လုပ်ဆောင်သွားရန် ဆုံးဖြတ်ထားကြောင်း သမ္မတအိုဘားမားက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

မြဝတီရုပ်မြင်သံကြား

၁၀-၃-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၀	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄း၄၅	၆။	ရင်သွေးအတွက် သတိတစ်ချက်
၄း၅၀	၇။	မျိုးချစ်တပ်မတော်
၅း၁၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၅း၂၀	၉။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၅၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၄။	လျှပ်တစ်ပြက်
၆း၃၅	၁၅။	ကလေးတို့ကမ္ဘာပျော်ရွှင်စရာ
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော့်ချစ်သူ** (အပိုင်း-၁၃)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	မွေးမြူသုတ
	၂၁။	ဗွီစီဒီကျော်ကြားတေးများ
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အမှန်တရားရဲ့ဘက်တော်သား** (အပိုင်း-၁)

မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ (၂)နှစ်ပြည့်နှစ်ပတ်လည်နေ့အခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်

နေပြည်တော် မတ် ၉

မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ (၂)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ရက် နံနက် ၉ နာရီက မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရာမညခန်းမ၌ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက် အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ပြည်နယ်မော်တော်ယာဉ် စည်းကမ်းထိန်းသိမ်းရေး အဖွဲ့အစည်းများမှ ဆုရရှိကြသူများအား ဆုနှင့် မှတ်တမ်းလွှာများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ အထက(၆)ဗိုလ်တထောင်တွင် ကျင်းပ

ရန်ကုန် မတ် ၉

အထက(၆)ဗိုလ်တထောင်(စိန်ပေါလ်)တွင် ၁၉၆၅ မှ ၁၉၈၀ ပြည့်နှစ်အထိ သုံးနှစ်ဆက်တိုက် ပညာသင်ကြားပေးခဲ့သော မြတ်ဆရာများ၊ ၁၉၈၁ မှ ၂၀၀၈ခုနှစ်အထိ သက်ပြည့်အငြိမ်းစား ဆရာ ဆရာမများအား ကျောင်းသားဟောင်းများ၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂ ရက်က အဆိုပါကျောင်း အားကစားခန်းမ၌ကျင်းပရာ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေက နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ဆုတောင်းအမျှဝေ

အခမ်းအနားတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲဂုဏ်ထူးရ မျိုးဆက်သစ် ကျောင်းသားများအား ဥက္ကဋ္ဌ ဦးသိန်းဆွေက ဂုဏ်ပြုဆုချီးမြှင့်ပြီး ဘဏ္ဍာရေးရှင်းတမ်းကို အတွင်းရေးမှူး ဦးသက်ချိုဦးက ဖတ်ကြားကာ ကွယ်လွန်သွားကြပြီဖြစ်သော ဆရာ ဆရာမ ၂၈ဦးအား မျှော်မှန်းတမ်းတ ပူဇော်မှုအစီအစဉ်ကို ကော်မတီဝင် ဦးတင်မောင်ထွေးက တင်ပြ၍ ဆုတောင်းအမျှဝေကြသည်။

ဆက်လက်၍ ဆရာမကြီး ဒေါ်မြမြက ကန်တော့ပွဲရတုအားဖတ်ကြားပြီး ဦးတေဇက ကန်တော့ချိုးတိုင်ပေးပြီး ဆရာ ဆရာမ ၁၇၂ ဦးတို့အား လက်ဆောင်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြကာ **(ယာပုံ)** အပူဇော်ခံ ဆရာ ဆရာမများကိုယ်စား ဦးအေးသိန်းက ဆုပေးစကား ပြောကြားသည်။

ဆရာကန်တော့ပွဲ အထိမ်းအမှတ် မိတ်ဆုံစားပွဲကိုလည်း ယင်းနေ့ညနေ ၆ နာရီတွင် ဗဟန်းမြို့နယ် အားကစားကွင်းအတွင်းရှိ M-3 Food Center တွင် ကျင်းပကြောင်း သိရသည်။ **(ပညာရေး)**

10-3 (02).pmd 1 3/10/2009, 3:08 AM

ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော် တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများ ကျင်းပသည့် အထိမ်းအမှတ်အဖြစ် ကြည့်ချင်ပွဲများဖြင့် ဆက်လက်ပြသဖျော်ဖြေ

နေပြည်တော် မတ် ၉

နေပြည်တော် ဥပ္ပါတသန္တိကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားများ ကျင်းပသည့် အထိမ်းအမှတ်အဖြစ် ကြည့်ချင်ပွဲများကို န၀မနေ့ဖြစ်သော မတ်၈ရက်ညပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်တောင်ဘက် ရာဇဌာနီလမ်းအနီးရှိ ပွဲတော်ကွင်း၌ ဖျော်ဖြေတင်ဆက်လျက်ရှိရာ **ဖိုးချစ်** ဇာတ်သဘင်အဖွဲ့နှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်က ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်တင် သတင်းမှတ်တမ်း၊ **ငါ့သူတစ်ပါး ယောက်ျားမိန်းမ** နှင့် **မိုးပေါ်ခုန်တက်ကလိုက်ချင်တယ်** ရုပ်ရှင်ဇာတ်ကားများဖြင့် ပြသဖျော်ဖြေပြီး ဒေသခံပြည်သူ ၉၁၃၀၀ ကျော် ပျော်ရွှင်စွာ လာရောက်ကြည့်ရှုကြသည်။

ပြသဖျော်ဖြေ

ဒသမနေ့အဖြစ် ယနေ့ညပိုင်းတွင် **ဖိုးချစ်** ဇာတ်သဘင်အဖွဲ့နှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်က **ကိုးဆယ်ဆသာလိမ့်မယ်** နှင့် **အမေနှင့် သမီးများ** ရုပ်ရှင်ဇာတ်ကားများဖြင့် ပြသဖျော်ဖြေသည်။

(သတင်းစဉ်)

ဖိုးချစ်ဇာတ်သဘင်အဖွဲ့ ဖျော်ဖြေတင်ဆက်

ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားများကျင်းပသည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော ပွဲတော်ကွင်း၌ ဖိုးချစ်ဇာတ်သဘင်အဖွဲ့က ဖျော်ဖြေတင်ဆက်ရာ ဒေသခံပြည်သူများ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ဒေသခံပြည်သူများ ပျော်ရွှင်စွာ လာရောက်ဆင်နွှဲ

ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားများကျင်းပသည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော ပွဲတော်ကွင်း၌ ဒေသခံပြည်သူများ ပျော်ရွှင်စွာလာရောက်ဆင်နွှဲကြစဉ်။

(သတင်းစဉ်)

ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချ

ဥပ္ပါတသန္တိ စေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားများ ကျင်းပသည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော ပွဲတော်ကွင်း၌ ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

တောင်ကြီး ပြန်/ဆက် လုပ်ငန်းညှိနှိုင်း စည်းဝေး

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၏ မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၉ရက် နံနက်၁၀နာရီက တောင်ကြီးမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ် ပြန်/ဆက် ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေမေနီက မှာကြားချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး ခရိုင်နှင့်မြို့နယ်များ၏ တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေး ညှိနှိုင်းသည်။ (ခရိုင် ပြန်/ဆက်)

လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဖွင့်

ဝိုင်းမော်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်း (၁/၂၀၀၉)ဖွင့်ပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ဆမားခန်းမ၌ ဖေဖော်ဝါရီ ၂၃ရက် နံနက် ၈နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်းက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ဆီဆိုင်၌ ပြန်/ဆက်လုပ်ငန်းများ ထပ်ဆင့်ရှင်းလင်း

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ လုပ်ငန်းမှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၆ရက် နံနက်၁၀နာရီက ဆီဆိုင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးနေမျိုးသူရိန်က ဝန်ထမ်းများအား အသေးစိတ် ထပ်ဆင့်ရှင်းလင်းတင်ပြသည်။

(မြို့နယ် ပြန်/ဆက်)

ဟားခါးမြို့၌ ရေပိုက်လိုင်းသစ်သွယ်တန်း

ဟားခါးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ရေပိုက်လိုင်းအသစ်သွယ်တန်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၃ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးတမ်အောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးဇော်မြင့်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ညောင်ရွှေ အင်းလေးဒေသ၌ မြတ်ရွှေအိုး စာကြည့်တိုက်ဖွင့်

ညောင်ရွှေမြို့နယ် အင်းလေးဒေသ ရွာမကျေးရွာ ကိုယ့်အားကိုယ်ကိုး မြတ်ရွှေအိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ၁၅ရက် မွန်းလွဲ၁၂နာရီခွဲက စာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပသည်။ (မြို့နယ် ပြန်/ဆက်)

ဗန်းမောက်၌ ထူးချွန်ကျောင်းသားများ ဆုချီးမြှင့်

ဗန်းမောက်မြို့နယ် အင်းပေါက်အုပ်စု အင်းပေါက်ကျေးရွာ၌ (မံထုံဒေသစိတ်)မှ ကြီးမှူးကျင်းပသည့် ပဋ္ဌမအကြိမ်မြောက် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်းနှင့် အင်းပေါက် တွဲဖက်(အလက)ကျောင်းဆောင်သစ် တိုင်ထူပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ရက် နံနက်၁၁နာရီက အဆိုပါကျောင်း၌ ကျင်းပရာ ရှေးဦးစွာ ကျောင်းဆောင်သစ်တိုင်ကို စိုက်ထူကြပြီး ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်များ စံ(၅)ချက်ကိုက်ညီရေး ဆွေးနွေး

ဟုမ္မလင်းမြို့နယ် ဟူနောင်တင်နောင်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ဖေဖော်ဝါရီ ၁၁ရက် နံနက် ၁၀ နာရီက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စံသတ်မှတ်ချက်(၅)ချက်နှင့်ကိုက်ညီရေး ဆွေးနွေးပွဲ ကျင်းပရာ ခန္တီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမြင့်က ဆွေးနွေးပြောကြားသည်။ (ခရိုင် ပြန်/ဆက်)

ဖလမ်း၌ မြို့သာယာလှပရေး ဆောင်ရွက်

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထလာဟရဲ ဦးဆောင်ပြီး အငယ်တန်းအင်ဂျင်နီယာ ဦးလလ်ဟုပ်ထန်းကြီးကြပ်လျက် ဝန်ထမ်းများက မြို့တွင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြို့အဝင်အထွက် ဆိုင်းဘုတ်များ ဆေးသုတ်ပြင်ဆင်ခြင်းနှင့် မြို့တွင်းလမ်းများ သန့်ရှင်းရေးလုပ်ငန်းများကို ဇန်နဝါရီ ၁၉ ရက်က ဆောင်ရွက်ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

နေပြည်တော် လယ်ဝေး၌ ဖုန်းများတပ်ဆင်ပေးမည်

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ နေပြည်တော်ခရိုင် နေပြည်တော် လယ်ဝေး-သာဝတ္တိတွင် မကြာမီ၌ လိုင်း ၂၅၀ပါ အော်တိုတယ်လီဖုန်းများ တပ်ဆင်ပေးတော့မည်ဖြစ်ရာ ယခုအခါ တယ်လီဖုန်းလျှောက်လွှာများ လက်ခံလျက်ရှိကြောင်းနှင့် သာဝတ္တိအော်တိုတယ်လီဖုန်းအိတ်ချိန်းသစ် အဆောက်အအုံတည်ဆောက်ပြီး၍ စက်ခလုတ်ခုံများ တပ်ဆင်ပြီးစီးလျက်ရှိကြောင်း သိရသည်။ (ဝ၈၃)

မိုးမိတ်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံများ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်း တွေ့ဆုံ၍ ထောက်ပံ့ငွေပေးအပ်

မိုးမောက်တွင် နွေစပါးနှင့် ဆီထွက်သီးနှံစိုက်ပျိုးမှုကြည့်ရှု

နေပြည်တော် မတ် ၉

ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းသည် ဖေဖော်ဝါရီ ၂၄ရက် နံနက်ပိုင်းက မိုးမိတ်တပ်နယ် ပြည်ငြိမ်းအေးခန်းမ၌ နယ်မြေခံတပ်ရင်းများမှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံ၍ အဝတ်အထည်၊ စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ပံ့ပိုးဖြည့်ဆည်း

ထို့နောက် တိုင်းမှူးသည် မိုးမိတ်မြို့နယ် စီအူကျေးရွာ၊ နန့်ဟဲကျေးရွာ၊ ကောင်းလုံကျေးရွာ၊ စီခမ်းကြီးကျေးရွာနှင့် စီကော်ကျေးရွာအုပ်စု သံတံတားကျေးရွာတို့သို့သွားရောက်ပြီး ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံ၍ ကျေးရွာများ၏ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

တိုင်းမှူးသည် ဖေဖော်ဝါရီ ၂၅ရက် နံနက်ပိုင်းတွင်ဗန်းမော်တပ်နယ်ရှိတိမ်ကြား မင်းခေါင်ခန်းမ၌ နယ်မြေခံတပ်ရင်းများမှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံပြီး အဝတ်အထည်၊ စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများကို ပေးအပ်သည်။

တက်ရောက်အားပေး

ထို့နောက် တိုင်းမှူးသည် မိုးမောက်မြို့နယ် ကျောက်စခန်းကျေးရွာသို့ ရောက်ရှိပြီး ကျောက်စခန်းကျေးရွာအနီး နွေစပါးနှင့် ဆီထွက်သီးနှံ စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ သဘာဝမြေသြဇာ ကြဲပက်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ဆက်လက်၍ ဗန်းမော်မြို့နယ် စီအင်ကျေးရွာရှိ ဒေသခံတောင်သူ ဦးမဒမ်နော်အောင်၏ လယ်မြေ၌ ကျင်းပသည့် သဘာဝမြေသြဇာကြဲပက်ပွဲသို့ တက်ရောက်အားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တာပိန်ရေအားလျှပ်စစ် အမှတ်(၁) စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ လက်ထောက်အင်ဂျင်နီယာက စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များမှာကြားကာ စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဒေါ့ဖုန်းယန်မြို့သို့ ရောက်ရှိပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံ၍ လိုအပ်သည်များမှာကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူးသည် ဝိုင်းမော်မြို့နယ်အတွင်းရှိ စိုက်ပျိုးမြေများ ပြုပြင်ပြီးစီးမှု၊ ပျိုးထောင်ပြီးစီးမှုနှင့် နွေစပါး စိုက်ပျိုးပြီးစီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေအား တရုတ်နိုင်ငံမှ ဧည့်သည်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မတ် ၉

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangdong Foreign Construction Co.,Ltd. ဥက္ကဋ္ဌ Zhou You နှင့်အဖွဲ့သည် မတ် ၆ရက် မွန်းလွဲ၁နာရီက နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြကြောင်း သတင်းရရှိသည်။ (အပေါ်ပုံ) (သတင်းစဉ်)

ဇီဝဓာတ်ငွေ့ထွက်ရှိသုံးစွဲမှု သရုပ်ပြပွဲကျင်းပ

ရန်ကုန် မတ် ၉

သဘာဝစွန့်ပစ်ပစ္စည်းများ အသုံးပြု၍ ကျေးလက်နှင့်မြို့ပြနေပြည်သူများ ဇီဝဓာတ်ငွေ့ကို တွင်ကျယ်စွာ အသုံးပြုလာနိုင်ရန် ရွှေခိုင်ဝင်းကုမ္ပဏီလီမိတက်မှ ဇီဝဓာတ်ငွေ့ကန်တည်ဆောက်ရေးလုပ်ငန်းများကို နေရာဒေသမရွေး လိုက်လံတည်ဆောက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၅ရက် နံနက် ၁၀နာရီက ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ကုန်းခလာကျေးရွာအုပ်စု ရေခလာကျေးရွာမှ တောင်သူဦးမောင်ဝင်း၏နေအိမ်၌ ဇီဝဓာတ်ငွေ့ကန်မှ ဇီဝဓာတ်ငွေ့ထုတ်ယူသုံးစွဲနိုင်မှု သရုပ်ပြရှင်းလင်းပွဲကို ကျင်းပသည်။(အောက်ယာပုံ)

အခမ်းအနားတွင်မန်နေဂျင်းဒါရိုက်တာ ဦးတင်ရွှေက ဇီဝဓာတ်ငွေ့ စွမ်းအင်ကန် တည်ဆောက်မှု လုပ်ငန်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ကျွမ်းကျင်ဝန်ထမ်းများက ဇီဝဓာတ်ငွေ့ကန်မှ တစ်ဆင့် ဒီဇယ်အင်ဂျင်များကို ဇီဝဓာတ်ငွေ့ဖြင့် ရော၍ အသုံးပြုပုံနည်းစနစ်များ၊ ဓာတ်ဆီအင်ဂျင်များကိုလည်း ဇီဝဓာတ်ငွေ့တစ်မျိုးတည်းဖြင့် အသုံးပြုပုံများကို လက်တွေ့ ရှင်းလင်းပြသခြင်း၊ နေအိမ်အတွင်း ထမင်းဟင်းချက်ပြုတ်မှုများ၊ လေးပေနှင့် နှစ်ပေမီးချောင်းများ မီးထွန်းပြသမှုများ၊ ရုပ်မြင်သံကြားနှင့် ဗီဒီယို ပြသမှုများအား လက်တွေ့ရှင်းလင်းပြသခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ဇီဝဓာတ်ငွေ့ကို အသုံးပြု၍ ဓာတ်ဆီအင်ဂျင်မှထွက်လာသော ကီလိုဝပ်၂၀၀၀အား (Energy Saver Lamp) ၁၃ ဝပ်မီးလုံးများအား နေအိမ်များ၌ ဖြန့်ခွဲအသုံးပြုပါက ၁၅၃လုံးခန့် မီးထွန်းနိုင်မည် ဖြစ်ကြောင်း သိရသည်။

ဇီဝဓာတ်ငွေ့ကန် တည်ဆောက်နိုင်ရန် မြေအကျယ် ၁၇ပေ ခန့်လိုအပ်မည်ဖြစ်ပြီး မည်သည့် မြေအမျိုးအစားတွင်မဆို တည်ဆောက်နိုင်သည်။ ပင်မဓာတ်ငွေ့ကန် တည်ဆောက်ရန်အတွက် အမြင့် ခြောက်ပေခွဲနှင့် အဝအကျယ် ၁၀ပေ မြေကြီးကို ကျင်းတူးကာ လုံခြုံစိတ်ချစွာ တီထွင်ထားသည့် ဓာတ်ငွေ့လှောင်ကန်မို(သံမဏိ ပုံစံခွက်)ကို ကန်အတွင်းထည့်ကာ ကွန်ကရစ်ဖြင့်လောင်း၍ အခိုင်အမာ တည်ဆောက်မည်ဖြစ်သည်။ အဆိုပါ ဇီဝဓာတ်ငွေ့ကန်ကို နှစ်ပေါင်း နှစ်ဆယ်မှ သုံးဆယ်ခန့်အထိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်မည်ဖြစ်ပြီး တည်ဆောက်မှုကာလမှာ ရက်သတ္တ တစ်ပတ်ခန့်သာ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

အဓိကကုန်ကြမ်းများ

ဇီဝဓာတ်ငွေ့ထွက်ရှိရန် သုံးစွဲရမည့် အဓိကကုန်ကြမ်းများမှာ ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့မှ စွန့်ပစ်ပစ္စည်းများနှင့် အသုံးမလိုသည့် အမှိုက်များ၊ သစ်ရွက်ဆွေး၊ သစ်ရွက်ခြောက်များဖြစ်သည်။ ကုန်ကြမ်းကို နေ့စဉ်ထည့်ရန်မလိုအပ်ပေ။ မြို့ပြတွင် လူအများအတွက် ထမင်း၊ ဟင်းချက်ပြုတ်ပေးရသည့် အလုပ်ရုံများ၊ ဘော်ဒါဆောင်များ၊ စားသောက်ဆိုင်များတွင် တည်ဆောက်သုံးစွဲပါက လောင်စာဖိုးကုန်ကျစရိတ်များစွာ သက်သာသွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်မီး ထွန်းညှိနိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးကို ထိခိုက်နိုင်မှု မရှိသည့်အပြင် ဆိုးရွားသည့်အနံ့အသက်များလည်းမရှိကြောင်း၊ ဓာတ်ငွေ့လာရာပိုက်လိုင်းတွင်အနံ့အသက်စုပ်ကိရိယာ(FILTER)များ တပ်ဆင်ထားကြောင်း၊ ဓာတ်ငွေ့ကန်အတွင်း ဓာတ်ငွေ့အားပြည့်၊ မပြည့်ကို မီတာခွက်က ပြသနေမည်ဖြစ်ကြောင်း သိရသည်။

တာဝန်ယူတည်ဆောက်မည်

ဇီဝဓာတ်ငွေ့ကန်မှ ဇီဝဓာတ်ငွေ့ ထွက်ရှိအသုံးပြုနိုင်သည်အထိ တာဝန်ယူ တည်ဆောက်ပေးမည်ဖြစ်ပြီး ဇီဝဓာတ်ငွေ့ကန်တည်ဆောက်အသုံးပြုသူများသည် ဇီဝဓာတ်ငွေ့ဖြင့် ချက်ပြုတ်ရသော နှစ်ဖိုတွဲ ဂတ်စ်မီးဖိုတစ်လုံး၊ ဇီဝဓာတ်ငွေ့ဖြင့် ချက်ရသော ထမင်းပေါင်းအိုးတစ်လုံး၊ ဇီဝဓာတ်ငွေ့အောက်လင်းမီးတစ်လုံးတို့ကို ရရှိမည်ဖြစ်သည်။ ဇီဝဓာတ်ငွေ့ကန်အသုံးပြုရာမှ အသုံးမလိုဘဲ ထွက်ရှိလာသော ဇီဝလျှံရည်အား စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းများတွင် ပြန်လည်အသုံးပြုနိုင်မည်ဖြစ်သည်။

ဇီဝဓာတ်ငွေ့ကန် တည်ဆောက်မှုလုပ်ငန်းကိုတစ်ဦးချင်းစီသော်လည်းကောင်း၊ ပေါင်းစပ်၍သော်လည်းကောင်း၊ အလုပ်ရုံများ၊ ဘော်ဒါဆောင်များ၊ စားသောက်ဆိုင်များ၊ ကုမ္ပဏီအသင်းအဖွဲ့များ၊ အဖွဲ့အစည်းများအနေဖြင့်လည်းကောင်း၊ လုပ်ငန်းအပ်နှံတည်ဆောက်လိုပါက အထူးဈေးနှုန်းဖြင့် တည်ဆောက်ပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ရွှေခိုင်ဝင်း ကုမ္ပဏီလီမိတက်၊ အမှတ်(၁၉-အေ) အေးရိပ်ကမ္ဘာ၁ခြံ ရွှေတောင်ကြားလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၁၁၀၇၄၊ ၀၉-၈၉-၂၁၇၂၉၊ ၀၉-၅၀-၇၃၆၂၉ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗန်းမော်မြို့နယ် စီအင်ကျေးရွာတွင် သဘာဝမြေသြဇာကြဲပက်ပွဲ ကျင်းပ

စွန့်ပစ်ပစ္စည်းနှင့် အမှိုက်၊ သစ်ရွက်ဆွေး၊ သစ်ရွက်ခြောက်များဖြင့် ဇီဝဓာတ်ငွေ့ထွက်ရှိ

10-3 (04).pmd 1 3/10/2009, 3:08 AM

ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မတ် ၉

ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၇ရက် မွန်းလွဲ ၁နာရီက မြစ်ကြီးနားမြို့ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်စိုးဝင်း တက်ရောက်အမှာစကား ပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထောက်ပံ့ငွေများပေးအပ်

ထို့နောက် တိုင်းမှူးသည် အေးမြသာယာရပ်ကွက်ရှိ မြန်မာနိုင်ငံခရစ်ယာန်များ မိတ်သဟာယ (မြစ်ကြီးနား) မျက်မမြင်ကျောင်းသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးကာ ထောက်ပံ့ငွေများပေးအပ်သည်။

ကြည့်ရှုအားပေး

တိုင်းကျိုးပြည်ပြု နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ်ပြပွဲနှင့် တိုင်းရင်းသားရိုးရာ ကြိမ်ဝါးဖြင့် ပြုလုပ်သည့် လက်မှုပညာပစ္စည်းပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၀နာရီက မြစ်ကြီးနားမြို့ ပြည်နယ်ယဉ်ကျေးမှုဦးစီးဌာန၌ကျင်းပရာ တိုင်းမှူးက အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ပြကွင်း ပြကွက်များနှင့် ကြိမ်ဝါးဖြင့် တိုင်းရင်းသားရိုးရာ အသုံးအဆောင်ပစ္စည်းများ ရက်လုပ်မှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့အား တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အင်ဂျင်စက်မောင်းနှင်

ယင်းနောက် တိုင်းမှူးသည် မြစ်ကြီးနားစက်မှုလက်မှုရပ်ကွက်သို့ သွားရောက်ပြီး လုပ်ငန်းရှင်များ ပူးပေါင်းတီထွင်ထားသည့် ရွှေ့ပြောင်းစပါးခွဲလောင်စာသုံး ဓာတ်ငွေ့စက်ဖြင့် အင်ဂျင်စက်မောင်းနှင်လည်ပတ်မှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက် အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့် အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အကြိုဂုဏ်ပြု ညစာစားပွဲ ကျင်းပ

နေပြည်တော် မတ် ၉

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌ တက္ကသိုလ် ဗဟိုစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက တည်ခင်းဧည့်ခံသည့် မဟာပညာရေးဘွဲ့ သင်တန်းအမှတ်စဉ်(၁၀)၊ ပညာရေးဘွဲ့(၁)နှစ်သင်တန်း အမှတ်စဉ်(၁၈)၊ ပညာရေးဘွဲ့ (ပေါင်းကူး) (၂)နှစ်သင်တန်း အမှတ်စဉ်(၄)၊ ပညာရေးဘွဲ့(၄)နှစ် သင်တန်း အမှတ်စဉ်(၄၀)၊ဆရာအတတ်ပညာ ဒီပလိုမာသင်တန်း အမှတ်စဉ်(၇)နှင့် အလယ်တန်းဆရာအတတ်သင်တန်းအမှတ်စဉ် (၁၈)တို့မှ သင်တန်းသား သင်တန်းသူတို့၏ ဘွဲ့နှင်းသဘင် အကြိုဂုဏ်ပြုညစာစားပွဲကို မတ်၅ရက် ညနေ၆နာရီက အဆိုပါတက္ကသိုလ် ရင်ပြင်၌ ကျင်းပသည်။

ရင်းရင်းနှီးနှီး

ရေးဦးစွာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်၊ တက္ကသိုလ်ကောင်စီဒုတိယဥက္ကဋ္ဌ တက္ကသိုလ်ဗဟို စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းတို့သည် သင်တန်းဆင်း သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

တင်ဆက်ဖျော်ဖြေ

ထို့နောက် ညစာသုံးဆောင်နေစဉ်တွင် ပြည်ထောင်စု စိတ်ဓာတ်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ စိတ်ဓာတ် မြင့်မားရေးတေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေ၍ ညစာစားပွဲ အပြီးတွင် သင်တန်းဆင်း သင်တန်းသား သင်တန်းသူများက တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဆိုအကများဖြင့် တင်ဆက် ဖျော်ဖြေကြသည်။

ဂုဏ်ပြု

ယင်းနောက် တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် ဒုတိယ တိုင်းမှူးတို့က တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေ တင်ဆက် ကြသော သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(အပေါ်ဝဲပုံ) (သတင်းစဉ်)

မြောက်ဥက္ကလာ၌ ကွန်ကရစ်လမ်းခင်းရန် ငွေလှူဒါန်း

ရန်ကုန် မတ် ၉

မြောက်ဥက္ကလာပမြို့နယ် (ဆ)ရပ်ကွက် သုနန္ဒာ(၈)လမ်းကို မိုးရာသီကာလအကြို အများပြည်သူများ သွားလာမှုအဆင်ပြေစေရန် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းခင်း ရန်အတွက် မတည်ငွေလှူဒါန်းပေးအပ်ပွဲကို မတ် ၂ရက်က ဓမ္မဒက္ခိတ ဓမ္မာရုံ၌ကျင်းပ သည်။

အခမ်းအနားတွင် ကွန်ကရစ်လမ်းခင်းရန်အတွက် မတည်ငွေကျပ် ငါးသိန်းကို စကြာမင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှ ဒေါက်တာဆရာမြင့်နှင့် ဇနီး ဆရာမ ဒေါ်မေမြင့်သူဇာတို့က ပေးအပ်ရာ (ဆ)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးစန်းမြင့်က လက်ခံယူသည်။**(အောက်ပုံ)** (၁၁၈)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီ အစည်းအဝေးနှင့် လုပ်ငန်းစဉ်များဆိုင်ရာ အစည်းအဝေးများကျင်းပ

နေပြည်တော် မတ် ၉

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၏ တက္ကသိုလ်ကောင်စီ အစည်းအဝေး ၁/၂၀၀၉ကို မတ် ၅ရက် နံနက် ၁၀နာရီက စစ်ကိုင်းမြို့ရှိ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပရာ တက္ကသိုလ် ကောင်စီ ဒုတိယဥက္ကဋ္ဌ ဗဟိုသင်တန်းသားရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တက္ကသိုလ်၏ လေ့ကျင့်သင်ကြားရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ကြပြီး တက္ကသိုလ် ကောင်စီဒုတိယဥက္ကဋ္ဌက နိဂုံးချုပ်အမှာ စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ပြည်ထောင်စုတိုင်းရင်း သားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဗဟို သင်တန်းသား ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ နှင့် ပြည်နယ်နှင့် တိုင်းအေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီများမှ ကိုယ်စားလှယ် များ၏ ပြည်ထောင်စုတိုင်းရင်းသားလူမျိုး များ ဖွံ့ဖြိုးရေးတက္ကသိုလ် လုပ်ငန်းစဉ်များ ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ညနေ ၃နာရီတွင် တက္ကသိုလ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌ ဗဟိုသင်တန်းသားရွေးချယ် ရေးကော်မတီဥက္ကဋ္ဌဝန်ထမ်းရွေးချယ်လေ့ကျင့် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက အမှာစကား ပြောကြားပြီး ပြည်နယ်နှင့် တိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ ကိုယ်စားလှယ်များက ပြန်လည်တင်ပြ ဆွေးနွေးကြသည်။

(သတင်းစဉ်)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရဲတပ်ဖွဲ့၏ရက်သတ္တပတ်မှုခင်းကင်းမဲ့ရေးနှင့် မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၆ရက်က ၄၁(တိုးချဲ့)ရပ်ကွက် တော်ဝင်အိမ်ရာ ကော်မတီရုံး၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအောင်သမ်းက ရပ်ကွက်သူ ရပ်ကွက်သားများအား ဟောပြောဆွေးနွေးစဉ်။ (မြို့နယ်ရဲတပ်ဖွဲ့)

မြစ်ကြီးနားတွင် လုပ်ငန်းရှင်များပူးပေါင်း၍ ရွှေ့ပြောင်း စပါးခွံလောင်စာသုံးဓာတ်ငွေ့အင်ဂျင် တီထွင်မောင်းနှင်လည်ပတ်

တိုင်းရင်းသားရိုးရာ ကြိမ်ဝါးဖြင့်ပြုလုပ်သည့် လက်မှုပစ္စည်းပြပွဲ ကချင်ပြည်နယ်၌ ဖွင့်လှစ်ကျင်းပ

ဗုဒ္ဓါဘိသိက် သွန်းလောင်းတော်မူ

နေပြည်တော်ရှိ ဥပ္ပါတသန္တိ ကုန်းတော်ပြင်၌ တည်ဆောက် ပြီးစီး အောင်မြင်ခဲ့သည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ အမှူးပြုသော ဆရာတော် သံဃာတော် အပါး၁၀၈၀တို့ ဗုဒ္ဓါဘိသိက် သွန်းလောင်းတော်မူကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီးဒေါ်မြမြစန်းတို့ မာလိနီ မင်္ဂလာရေကန်တော်အတွင်းသို့ ရေသားသတ္တဝါ(ငါး၊လိပ်)များအား အဘယဒါန၊ ဇီဝိတဒါန၊ အာယုဒါန ဘေးမဲ့လွှတ်ပေးကြစဉ်။

(သတင်းစဉ်)

* ရှေ့ဖုံးမှ

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ နေပြည်တော်မြို့မ၊ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်းနှင့် နေပြည်တော်လယ်ဝေးမြို့နယ်တို့မှ သံဃနာယကအဖွဲ့ဝင် ဆရာတော် သံဃာတော်များနှင့် ပင့်သံဃာတော်များ စုစုပေါင်း အပါး၁၀၈၀တို့ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့တော်ဝန်များ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ ဒေသခံပြည်သူများ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

မဟာမင်္ဂလာအခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ သဒ္ဓမ္မဇောတိကဓဇ ဦးသူရက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ဖူးမြော်ကြည်ညို

ရှေးဦးစွာ စေတီတော်လိုဏ်တော်အတွင်း ဥတ္တရဒိသာ မြောက်ဘက်အရပ်မျက်နှာရှိ မဟာမဏိမယ ကဿပ ဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်းရုပ်ပွားတော်အား နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုများက မြသပိတ်ဖြင့် ဆွမ်းတော်၊ သစ်သီးဆွမ်း၊ ပန်းမန်၊ ရေချမ်းနှင့် ရွှေကြာသင်္ကန်းတော်တို့ကို ဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကြည်ညိုကြသည်။

စေတီတော်လိုဏ်တော်အတွင်း ပစ္ဆိမဒိသာ အနောက်ဘက်အရပ်မျက်နှာရှိ မဟာမဏိမယ ကောဏာဂမန ဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်း ရုပ်ပွားတော်အား ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က မြသပိတ်ဖြင့် ဆွမ်းတော်၊ သစ်သီးဆွမ်း၊ ပန်းမန်၊ ရေချမ်းနှင့် ရွှေကြာသင်္ကန်းတော်တို့ကို ဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကြည်ညိုကြသည်။

စာမျက်နှာ ၇ ကော်လံ ၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ မာလိနီ မင်္ဂလာရေကန်တော်အတွင်းသို့ ရေသားသတ္တဝါ (ငါး၊လိပ်)များအား အဘယဒါန၊ ဇီဝိတဒါန၊ အာယုဒါန ဘေးမဲ့လွှတ်ပေးကြစဉ်။

(သတင်းစဉ်)

နေပြည်တော်ရှိ ဥပ္ပါတသန္တိကုန်းတော်ပြင်၌ တည်ဆောက်ပြီးစီးအောင်မြင်ခဲ့သည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး မြသပိတ်၊ ရွှေကြာသကိန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ကျင်းပနေမှုကို ဝေဟင်မှ တွေ့မြင်ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့ မာလိနီ မင်္ဂလာရေကန်တော်အတွင်းသို့ ရေသားသတ္တဝါ(ငါး၊လိပ်)များအား အဘယဒါန၊ ဇီဝိတဒါန၊ အာယုဒါန ဘေးမဲ့လွှတ်ပေးကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

ဆက်ကပ်လှူဒါန်း

စေတီတော်လိုဏ်တော်အတွင်း ဒက္ခိဏဒိသာ တောင်ဘက်အရပ်မျက်နှာရှိ မဟာမဏ္ဍိမယ ကကုသန္ဓ ဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်း ရုပ်ပွားတော်အား ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့က မြသပိတ်ဖြင့် ဆွမ်းတော်၊ သစ်သီးဆွမ်း၊ ပန်းမန်၊ ရေချမ်းနှင့် ရွှေကြာသကိန်းတော်တို့ကို ဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကြည်ညိုကြသည်။

စေတီတော်လိုဏ်တော်အတွင်း ပုရတ္ထိမဒိသာ အရှေ့ဘက်အရပ်မျက်နှာရှိ မဟာမဏ္ဍိမယ ဂေါတမဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်းရုပ်ပွားတော်အား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က မြသပိတ်ဖြင့် ဆွမ်းတော်၊ သစ်သီးဆွမ်း၊ ပန်းမန်၊ ရေချမ်းနှင့် ရွှေကြာသကိန်းတော်တို့ကို ဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကြည်ညိုကြသည်။

ဖူးမြော်ကြည်ညို

တစ်ချိန်တည်းမှာပင် စေတီတော်ရင်ပြင် အရှေ့မြောက်ထောင့် ဂန္ဓကုဋိကျောင်းဆောင်တော်အတွင်းရှိ မဟာဆုတောင်းပြည့်ဘုရားကြီးအား အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်းတို့က မြသပိတ်ဖြင့် ဆွမ်းတော်၊ သစ်သီးဆွမ်း၊ ပန်းမန်၊ ရေချမ်းနှင့် ရွှေကြာသကိန်းတော်တို့ကို ဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကြည်ညိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ မာလိနီ မင်္ဂလာရေကန်တော်အတွင်းသို့ ရေသားသတ္တဝါ (ငါး၊လိပ်) များအား အဘယဒါန၊ ဇီဝိတဒါန၊ အာယုဒါန ဘေးမဲ့လွှတ်ပေးကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

ကြွရောက်သီတင်းသုံး

ထိုအချိန်တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အမှူးပြုသော ဆရာတော် သံဃာတော် အပါး ၁၀၈၀တို့သည် ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူမည့် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး၏ လိုဏ်တော်အတွင်းရှိ မဟာမဏိမယ ဗုဒ္ဓရုပ်ပွားတော်များရှေ့၌လည်းကောင်း၊ စေတီတော် အထက်ပစ္စယာ၌ လည်းကောင်း၊ စေတီတော်ရင်ပြင် အရှေ့မြောက်အရပ်ရှိ မဟာဆုတောင်းပြည့် ဘုရားကြီးရှေ့၌လည်းကောင်းအသီးသီး ကြွရောက်သီတင်းသုံးတော်မူကြသည်။

ထို့နောက် မဟာမင်္ဂလာအခမ်းအနား ပထမပိုင်း ဒါန၊သီလ၊ဘာဝနာ ကုသိုလ်မှုဆည်းပူးခြင်း အစီအစဉ်ကို လိုဏ်တော်အတွင်း၌ ကျင်းပရာ ဆရာတော် သံဃာတော်များနှင့် ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ မင်္ဂလာအခမ်းအနားကို ဖွင့်လှစ်ကြသည်။

ကိုးပါးသီလခံယူဆောက်တည်

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ဇနီးဒေါ်ကြိုင်ကြိုင်နှင့် မိသားစုတို့ အမှူးပြုသော ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံ နိုင်ငံတော်အကြီးအကဲ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ကလှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ညောင်တုန်းဆရာတော် ဘဒ္ဒန္တသြဘာသာဘိဝံသထံ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်တော်အတွင်း ပစ္ဆိမဒိသာ အနောက်ဘက်အရပ်မျက်နှာရှိ မဟာမဏိမယ ကောဏာဂမန ဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်းရုပ်ပွားတော်အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ မြသပိတ်ဖြင့် ဆွမ်းတော်၊ သစ်သီးဆွမ်း၊ ပန်းမန်၊ ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်း

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်အရှေ့မြောက်ထောင့် ဂန္ဓကုဋိကျောင်းဆောင်တော်အတွင်းရှိ မဟာဆုတောင်းပြည့်ဘုရားကြီးအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့်ဇနီးဒေါ်ကြည်ကြည်အုန်းတို့ မြသပိတ်ဖြင့် ဆွမ်းတော်၊ သစ်သီးဆွမ်း၊ ပန်းမန်၊ ရေချမ်းနှင့် ရွှေကြာသင်္ကန်းတော်တို့ကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ရေကန်တော်ဖွင့်

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ မဟာမင်္ဂလာအခမ်းအနားများဆောင်ရွက်ကျင်းပ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် အဘယဒါန၊ ဇီဝိတဒါန၊ အာယုဒါန မင်္ဂလာနှင့် မာလိနီမင်္ဂလာ ရေကန်တော် ဖွင့်လှစ်ခြင်း မင်္ဂလာအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ကုမာရထံမှ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် မိသားစုတို့ အမှူးပြုသော ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ကလှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ညောင်တုန်းဆရာတော် ဘဒ္ဒန္တသြသဓာဘိဝံသထံ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေကန်တော်ဖွင့်

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ မဟာမင်္ဂလာအခမ်းအနားများဆောင်ရွက်ကျင်းပ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် အာဘယဒါန၊ ဇီဝိတဒါန၊ အာယုဒါန မင်္ဂလာနှင့် မာလိနီမင်္ဂလာ ရေကန်တော် ဖွင့်လှစ်ခြင်း မင်္ဂလာအခမ်းအနား ကျင်းပစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီးဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်း၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီးဒေါ်ကြည်ကြည်အုန်းတို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

အလားတူ ဆရာတော်သံဃာတော်များထံ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် တိုင်းမှူးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှပေးဝေ

အစီအစဉ်အရ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ညောင်တုန်းဆရာတော်ဘဒ္ဒန္တသြသဓာဘိဝံသထံမှ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်များက အနုမောဒနာတရားနာကြားကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်များ၊ နိုင်ငံတော် သံဃမဟာနာယကဆရာတော်များနှင့် နိုင်ငံတော် ဗဟိုသံဃဝန်ဆောင်ဆရာတော်များဦးဆောင်တော်မူသော ဆရာတော် သံဃာတော်များအား ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏လိုဏ်တော်အတွင်းရှိမဟာမဏိမယရတနာကျောက်စိမ်းဗုဒ္ဓပဋိမာ ရုပ်ပွားတော်လေးဆူနှင့်

စာမျက်နှာ ၁၀ ကော်လံ ၁

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်တော်အတွင်း ဒက္ခိဏဒိသာ တောင်ဘက်အရပ်မျက်နှာရှိ မဟာမဏိမယ ကကုသန္ဓ ဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်းရုပ်ပွားတော်အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့ မြသပိတ်ဖြင့် ဆွမ်းတော်၊ သစ်သီးဆွမ်း၊ ပန်းမန်၊ ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးလိုဏ်တော်အတွင်း ပုရတ္ထိမဒိသာ အရှေ့ဘက် အရပ်မျက်နှာရှိမဟာမဏိမယဂေါတမ ဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်း ရုပ်ပွားတော်အား နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ မြသပိတ်ဖြင့် ဆွမ်းတော်၊ သစ်သီးဆွမ်း၊ ပန်းမန်၊ ရေချမ်းနှင့် ရွှေကြာသင်္ကန်းတော် တို့ကို ဆက်ကပ် လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်းတို့ မာလိနီ မင်္ဂလာရေကန်တော်အတွင်းသို့ ရေသားသတ္တဝါ (ငါး၊လိပ်)များအား အဘယဒါန၊ ဇီဝိတဒါန၊ အာယုဒါန ဘေးမဲ့လွှတ်ပေးကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၉ မှ

မဟာဆုတောင်းပြည့် ဘုရားကြီးတို့အား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြပါရန် အခမ်းအနားမှူးက မဟာမင်္ဂလာအခမ်းအနား လွှဲအပ်စာတမ်းကို ဖတ်ကြားသည်။

ဗုဒ္ဓါဘိသိက်သွန်းလောင်း

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အမှူးပြုသော ဆရာတော် သံဃာတော် အပါး၁၀၈၀တို့သည် ဥဒါန်းပါဠိတော်လာ နည်းအတိုင်း အနေကဇာတိ သံသာရံဂါထာတော်၊ ပဋိစ္စသမုပ္ပာဒ် အနုလောမ ဒေသနာတော်၊ ယဒါဟဝေ ပထမဂါထာတော်၊ ပဋိစ္စသမုပ္ပာဒ် ပဋိလောမ ဒေသနာတော်၊ ယဒါဟဝေ ဒုတိယဂါထာတော်၊ ပဋိစ္စသမုပ္ပာဒ် အနုလောမ ပဋိလောမ ဒေသနာတော်၊ ယဒါဟဝေ တတိယဂါထာတော်၊ ပဋ္ဌာန်း ပစ္စယုဒ္ဒေသပါဠိတော်၊ 'ဇယန္တော ဗောဓိယာမူလေ' အစချီသောအောင်ဂါထာတော်နှင့် 'ဇယောဟိ ဗုဒ္ဓဿ သိရီမတော' အစချီသော အောင်ဂါထာတော် လေးပိုဒ်တို့ကို ရွတ်ဆိုပူဇော်တော်မူကြ၍ ဗုဒ္ဓါဘိသိက် သွန်းလောင်းတော်မူကြသည်။

ထို့နောက် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းဖတ်ကြား၍ အမျှဝေပြီး အခမ်းအနားမှူးက 'ဒေဝဂမန ဝေလာဂါထာ' ဖြင့် နတ်ဗြဟ္မာများအား ပြန်လည်ပို့ဆောင်ကာ ပရိသတ်များက 'ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု' သုံးကြိမ်ရွတ်ဆိုဆုတောင်းကြပြီး ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကို နံနက်ရနာရီ ၃၅မိနစ်တွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

မင်္ဂလာရေကန်တော်

ယင်းနောက် မဟာမင်္ဂလာအခမ်းအနား ဒုတိယပိုင်းအစီအစဉ်ဖြစ်သည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ မဟာမင်္ဂလာအခမ်းအနားများ ဆောင်ရွက်ကျင်းပအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် အဘယဒါန၊ ဇီဝိတဒါန၊ အာယုဒါနမင်္ဂလာနှင့် မာလိနီ မင်္ဂလာရေကန်တော်ဖွင့်လှစ်ခြင်း မင်္ဂလာအခမ်းအနားကို နံနက်၉နာရီခွဲတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပရိဝုဏ်တောင်ဘက် အရပ်မျက်နှာရှိ အဆိုပါမင်္ဂလာရေကန်တော်၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားမှူး သဒ္ဓမ္မဇောတိကဓဇ ဦးသုရက မေတ္တာပို့ဂါထာကိုဖတ်ကြား၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ရွှေရည်၊ငွေရည်ပက်ဖျန်း

ထို့နောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုဝင်များ အမှူးပြုသော ဘုရားဒါယကာ ဒါယိကာမများက ရေသားသတ္တဝါ (ငါး၊လိပ်)များအား ရွှေရည်၊ ငွေရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် အခမ်းအနားမှူးက 'မေတ္တာ ပုဗ္ဗက အာသီသပတ္ထနာဂါထာ' ကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုတို့က မာလိနီမင်္ဂလာရေကန်တော်အတွင်းသို့ ရေသားသတ္တဝါ (ငါး၊လိပ်)များအား ဘေးမဲ့လွှတ်၍ အဘယဒါန၊ ဇီဝိတဒါန၊ အာယုဒါန မင်္ဂလာကို ဆောင်ရွက်ကြပြီး အာဟာရဒါနအဖြစ် ရေသားသတ္တဝါများအား အစာအာဟာရများ ကျွေးမွေးလှူဒါန်းကြသည်။

အာယုဒါနဘေးမဲ့လွှတ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က ရေကန်တော်အတွင်းသို့ ရေသားသတ္တဝါများအား အဘယဒါန၊ ဇီဝိတဒါန၊ အာယုဒါန ဘေးမဲ့လွှတ်ပေးကြသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး

အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနား
ရတနာစိန်ဖူးတော်နှင့် ရတနာငှက်မြတ်နားတော်တင်လှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား
မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများ

ရတနတ္တယပူဇာ မင်္ဂလာရတုလ္ဘာ

* **မြို့တော်နေပြည်** ဝပြောစည်သား သာကီမျိုးဇာတ် ဆင့်ဆင့်ထပ်၍ မင်းမြတ်ရာဇာ
သာသနာကို ကိန်းလှာပျော်ပိုက် ကြာဝမ်းတိုက်မှာ စွဲပိုက်သန္ဓေ အမြုတေဖြင့်
ဤမြေသင်းသီး ရွေးချယ်ပြီးမှ အောင်ဇည်းမြေပြင် ရှင်းသန့်စင်၍ တောင်စဉ်ပဗ္ဗတ
ဝန်းရံခသည့် ဘူမချက်ချာ ပဋိသာဠ ရှစ်ဖြာကြန်အင် ပန္နက်တင်လျက်
ဝန်းကျင်ပတ်ကုံး မြေပြင်ဆုံးမျှ မိုးလုံးပတ်လည် မင်းနေပြည်မှာ နတ်ပြည်ယိုးမှား
ဝတီးဖျားသို့ ကြွားရွားတင့်တယ် ရှုချင့်ဖွယ်တည့် သွယ်သွယ်ပြန့်ပြူး စိတ်ကြည်နူးလျက်
စူးစူးရေလျှင် ပန်းဥယျာဉ်နှင့် ကျောက်စဉ်ကျောက်တန်း ပန်းခင်းလမ်းဝယ် ရွှင်လန်းပန်းဖြေ
ပြည်သူဆွေတို့ ရှုလေသာမော တသောသောဖြင့် ဤတော ဤတောင် မြစိမ်းရောင်သို့
မျှော်ယောင်မှန်းဆ တမ်းတမ်းတလျက် ဌာန စုံညီ ကိုယ်စိတ်ကြည်၍ ခိုင်ကျည်လက်များ
စွမ်းပကားဖြင့် လုပ်အားသော့နှင် မြားလေးတင်သို့ ပြည်ခွင်အေးချမ်း ဘေးမသန်းဘဲ
လျှောက်လှမ်းညီတူ တို့ပြည်သူတို့ ကြည်ဖြူလက်တွဲ အားမာန်ဖွဲဖြင့် အောင်ပွဲခြိမ့်ခြိမ့်
မိုးယံသိမ့်မျှ တည်စိမ့်ရှည်ကြာ သာသနာဝယ် ဂုဏ်ဖြာအနန္တ မြတ်ဗုဒ္ဓ၏
ဥပ္ပါတသန္တိစေတီ ဖူးမြော်ရည်သည် **နေပြည် နဂရ** **မြို့တော်သာတကား။**

* **သို့နော်ဝေစည်** ကြွလှာရည်သား ဇာနည်ရှင်မြတ် သာကီဇာတ်၏ နွယ်မှတ်စဉ်လာ
ရှင်မဟာဟု ထေရ ကဿပ အဇာတနှင့် ဓမ္မသောကာ နရိန္ဒာမှ
ဆင့်ကာပွားတည့် ဣတိပိနှင့် ဣမိနာစ မြတ်ဗုဒ္ဓ၏ ကာရဏေန
အတုလကြောင့် ဘက်မျှပြိုင်စံ နှုန်းမတန်ဘဲ ဂုဏ်လျှံကဲလျှောက် ဂုဏ်ဖြိုးမောက်၍
ထီးကျောက်တန္တု အလေးပြုရ ကောင်းမှုပါရမီ စုံပြည့်ညီ၍ ဆယ်လီပုည
ဂုဏ်ကိုးဝနှင့် ဆဋ္ဌတေဇာ ပျံ့ဝှန့်ဖြာလျက် သစ္စာဥဒယျ ကုသိုလ်စသည့်
ဓမ္မ ရတနာ လေးသစ္စာဖြင့် အရိယာမဂ် တဏှာဖျက်၍ တုဖက်ကင်းငှာ
ဘဂဝါဟု ဗြဟ္မာ လူနတ် ကော်ရော်လတ်ကာ လေးမြတ်ပူဇော် ခချိန်သော်တည့်
ဘုန်းတော်လျှံစီ ခြောက်ရောင်လီဖြင့် ဘာဂီဘုန်းဒြပ် သောင်းဥက္ကဋ္ဌ၏ မွေဓာတ်သရီ
မြတ်စေတီကို မပဂီ တရိုး ဂူပုထိုးဖြင့် ဘေးဘိုးဘီဘင် ဖူးမြော်တင်၍
ပြည်ခွင်အနှံ့ တည်ထားဖြန့်၏ တိုင်းမြန့်မြန်ပြည် ဗွေမပဂီလည်း စေတီမြားမြောင်
ရွှေသားရောင်ဖြင့် ရာထောင်မက ကြယ်နေလသို့ ဗုဒ္ဓ ပရမေ အမြုတေတို့
ဒေသစာရီ မကိုဋ္ဌတည်သည် **ဝေစည် ရတန** **သို့နော်ပါတကား။**

* **မှို့သော်နေခြည်** ပ ထွန်းလည်သား ရောင်ခြည်ဝန်းစက် ရွှန်းရွှန်းလက်မျှ မိုးထက် ဝဋ္ဌာ
ကြယ်တာရာနှင့် ဒသာစန်းလင် တိတိမြတ်ဝယ် နက္ခတ်ရှုမျှော် ခါသင့်တော်တည့်
ရည်မျှော်တည်ထ ဤဘူမ ကား ဘုရားသာသနာ ထွန်းသစ်ရာဟု ဣန္ဒာ သက္က
သုယာမတို့ ညွှန်ပြ ထောက်ကူ စောင့်ကြပ်မူလျက် များလူပေါ်ယယ် မြို့ပြကျယ်၍
တင့်တယ်ဖွံ့ဖြိုး ဘုန်းတန်ခိုးတို့ ကျော်ဟိုး ထင်ထင် ရန်အောင်မြင်၍ ပြည်ခွင်အေးချမ်း
သာယာလန်းလျက် စိတ်ဝမ်းညီတူ ရွှေပြည်သူတို့ ညီမူလက်တွဲ ဤအောင်ပွဲမှာ
သဲသဲထိန့်ကျော် ရွှေထီးတော်ကို ပူဇော်လှူလတ် မွေတော်ဓာတ်တို့ ကိန်းဝပ်ပျော်စံ
မြတ်ဇိနံအား ဆုပန်လျှောက်ကြား ထံတော်ပါးဝယ် ဝပ်တွား ပူဇော် ရွှေထီးတော်မှာ
မိုးပေါ်ထွင်းဖောက် ငွားငွားရောက်၍ ထက်အောက်ပျံ့လွှား ပန်းရထားဖြင့် လွှန်းသွားလွှန်းပြန်
ရွှေတောင်ပံဖြင့် မြင်းပျံမြူးထူး တင်ဆောင်ကူး၍ မြော်ဖူးသူငါ တင်ပဏာဖြင့်
အခါ နရီ စက်ဃဋီမှာ သံချီညွှတ်ပျောင်း အုတ်အော်သောင်းဖြင့် အပေါင်းမြေလွှာ
ဣန္ဒာနတ်မင်း စောင့်ကြပ်နှင်းလျက် အောင်ခြင်းဇိတံ အောင်သံဟစ်ကြွေး အောင်ဟိတ်ပေးကာ
အောင်တေးဝေစည် ဘဝဂ်တည်သည် **နေခြည်ပဝရ** **မှို့သော်ပါတကား။** ။

ဦးကျော်သက်ခိုင် (မုံရွာ)

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးနှင့်ဝန်ကြီးများက ရေကန်တော်အတွင်းသို့ ရေသားသတ္တဝါများအား အာယုဒါန ဘေးမဲ့လွှတ်ပေးကြသည်။

အောင်မြင်စွာကျင်းပပြီးစီး

ထို့နောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်များက ဇယန္တော ဗောဓိယာမူလေ အစချီသော ဇယမင်္ဂလာအောင်ဂါထာတော်ကိုရွတ်ဆိုကြပြီး နံနက်၉နာရီ၄၅မိနစ်တွင် မင်္ဂလာအခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးသည်။ **(သတင်းစဉ်)**

မြန်မာဂေါက်သီးရိုက်အသင်း နှစ်ပတ်လည် ဂေါက်သီးရိုက်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပမည်

ရန်ကုန် မတ် ၉

မြန်မာဂေါက်သီးရိုက်အသင်း၏ နှစ်စဉ်ကျင်းပလျက်ရှိသော နှစ်ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို မတ် ၂၀၊ ၂၁နှင့် ၂၂ရက်တို့တွင် မြန်မာဂေါက်သီးရိုက်အသင်း (၉မိုင် ပြည်လမ်း) ၌ ကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်ခွင့်

အဆိုပါပြိုင်ပွဲများအနက် မတ်၂၀ရက်တွင် အသက်(၆၀-၇၀)တစ်တန်း၊ အသက်(၇၀အထက်)တစ်တန်း Veteran ဂေါက်သီးရိုက်ပြိုင်ပွဲများကိုလည်းကောင်း၊ မတ် ၂၁ ရက်တွင် Gold, Silver, Bronze အတန်းသုံးတန်း ဂေါက်သီးရိုက်ပြိုင်ပွဲများကိုလည်းကောင်း ကျင်းပမည်ဖြစ်ရာ အသင်းသားများ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။

မတ် ၂၂ရက်တွင် ဂေါက်သီးကစားခြင်းနှင့်ပတ်သက်သော ပျော်ပွဲရွှင်ပွဲများ ကျင်းပပြီး ညနေပိုင်းတွင် ဆုချီးမြှင့်၍ အခမ်းအနားကို ကျင်းပမည်ဖြစ်ရာ ညပိုင်းတွင် ညစ်ခံကျွေးမွေးရေးနှင့် တေးဂီတဖျော်ဖြေရေးအစီအစဉ်များ ပါဝင်ကြမည်ဖြစ်ပြီး အသင်းသားမိသားစုများ လာရောက်ပါဝင်ဆင်နွှဲနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တက္ကသိုလ်ဝင်စာမေးပွဲကြီးကို ဖြေဆိုရာတွင် ....

အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးလှကျော်

၂၀၀၉ခုနှစ် မတ် ၁၁ ရက်(**မနက်ဖြန်**)မှစ၍ တက္ကသိုလ်ဝင်စာမေးပွဲ ကျင်းပပေတော့မည်။ ဖြေဆိုရမည့် စာသင်သားများနှင့် မိဘ၊ ဆရာများကသာ ထိုနေ့ကို အထူးဂရုထားကြသည်မဟုတ်။ ကျွန်တော်သည်လည်း စာမေးပွဲဖြေရမည့်သူကဲ့သို့ စိတ်ဝယ်ခံစားနေရသည်။ ဖြေရမည့် စာသင်သားများ စာမေးပွဲကောင်းကောင်းဖြေနိုင်ရန်၊ အကြံပေးနိုင်ရေးအတွက် တစ်ညလုံး အိပ်မပျော်နိုင်ဘဲ စာရေးနေမိပါသည်။

သြော်…တက္ကသိုလ်ဝင် စာမေးပွဲကြီးသည်ကား အခြေခံပညာရေးတွင် အရေးကြီးဆုံးဖြစ်၍ ထိုစာမေးပွဲအောင်မှသာ လူ့ဘဝခရီး၊ ပညာရေးခရီးတွင် အဆင်ပြေချောမွေ့မည် မဟုတ်ပါလား။ ဖြေဆိုသူတိုင်း အောင်မြင်စေလိုပါသည်။

မနှစ်က ယခုကဲ့သို့အချိန်တွင် **“စာမေးပွဲ ဘယ်လိုဖြေကြမလဲ”**ဆောင်းပါးကိုရေးသားခဲ့ပါသည်။ ထိုစဉ်က ကျွန်တော်သည် ပညာရေးလုပ်သားကောင်းတစ်ဦးအနေဖြင့် ချစ်တပည့်များအတွက် တာဝန်ကျေပြီဟု စိတ်မှာဖြစ်မိပါသည်။ စာမေးပွဲအောင်ချက်မြင့်မားရေးသည် နိုင်ငံအတွက် အရေးကြီးဆုံးလိုအပ်ချက်ဖြစ်ပါသည်။ ၂၀၀၈ခုနှစ်တွင် ကျွန်တော်ရေးသားခဲ့သော စကားလက်ဆောင် စာလက်ဆောင် (မျိုးဆက်သစ်ကျောင်းဆရာများအတွက် ရေးသော ဆောင်းပါးပေါင်းချုပ်)စာအုပ်တွင် နိုင်ငံကျော် စာရေးဆရာကြီး ဆရာဦးအောင်သင်း(မဟာဝိဇ္ဇာဂုဏ်ထူး)က ကျွန်တော့်အား ရိုးစွဲသားစွဲ ဆရာတစ်ယောက်ဖြစ်သည်ဟု ရေးသားခဲ့ပါသည်။ ဟုတ်လည်းဟုတ်ပါပေသည်။ ကျွန်တော်သည် ပညာရေးအတွက် မွေးဖွားလာသည်ဆိုက မှားမည် မဟုတ်ပါ။ တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုကြမည့် စာသင်သူ စာဖြေသူများအတွက် ဆောင်ရန်၊ ရှောင်ရန်တို့ကို ရေးသားလိုစိတ်များ စိတ်ပုံရိပ်တွင် ပေါ်ပေါက်ခဲ့ပါသည်။ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေသူများအားလုံးအတွက် စိတ်ပူပန်မိကာ ဤဆောင်းပါးကို ရေးသားလိုက်ရပါသည်။

ကျွန်တော် မနှစ်က ရေးသားခဲ့သော ဆောင်းပါးနှင့်စပ်လျဉ်း၍ ပညာရေးကို စိတ်ဝင်စားကြသူအချို့၏ အားပေးထောမနာသံများကြောင့်လည်း ဤဆောင်းပါးကိုရေးရန် စိတ်ထဲတွင် ပိုမိုပြင်းပြခဲ့ခြင်း ဖြစ်ပါသည်။ စာမေးပွဲအတွက် စိုးရိမ်ပူပန်ကြသော ဆရာ၊ မိဘများ၏ စေတနာကိုသိရ၍ အားတက် ဝမ်းမြောက်မိသည်။

ယခင်ရေးခဲ့သော ဆောင်းပါးနှင့်စပ်လျဉ်း၍ ဆရာတစ်ဦးက မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးကို ဖြတ်၍ စာကြည့်တိုက်တွင် ကပ်ထားကြောင်း၊ တပည့်များအားလည်း ဖတ်ရန် တိုက်တွန်းနှိုးဆော်ခဲ့ကြောင်း ပြောပြသည်။ ထို့အပြင် ကျောင်းစုဝေးခန်းမတွင် ဖြေဆိုသူ ကျောင်းသား ကျောင်းသူများအား ဆရာကြီးကိုယ်တိုင်ဖတ်ပြ၍ လိုက်နာကြရန် ညွှန်ကြားခဲ့သောကြောင့်လည်း အထူးအကျိုးရှိကြောင်း၊ အောင်ချက်မြင့်မားကြောင်းကို ဝမ်းသာအားရ ပြောပြပါသည်။ အထက်တန်းကျောင်းတစ်ကျောင်းကမူ ထိုဆောင်းပါးကို မိတ္တူကူး၍ စာဖြေသူများအား ဝေငှပေးခဲ့ကြောင်း သိရှိရသည်။

ကျွန်တော်နှင့် ခင်မင်သော မိဘတစ်ဦးကမူ ထိုဆောင်းပါးကို ဖတ်ရှုပြီး သူ့သားနှင့် သမီးအား ဖတ်ပြ၍ အလေးအနက် လိုက်နာခဲ့ကြသောကြောင့် ဂုဏ်ထူးများဖြင့် စာမေးပွဲအောင်မြင်ခဲ့ကြကြောင်းနှင့် ကျေးဇူးတင်ကြောင်း ပြောပါသည်။

ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့ဖြေဆိုရမည့် စာမေးပွဲကို ကြောက်စိတ်ထားရန်မလိုပါ။ အောင်ရမည်ဟူသော အောင်စိတ်ဖြင့် ကြိုးစားဖြေဆိုရန် ဖြစ်ပါသည်။

တစ်နှစ်ပတ်လုံး ကျက်မှတ်တွက်ချက်ခဲ့သော စာများ၊ ပုစ္ဆာများကို နှုတ်တက်ရွရွ ကျက်မှတ်လိုက်လျှင် ကြောင်ပုစွန်စားကြွပ်ကြွပ်ဝါးသို့ ကြေညက်သွားမည် ဖြစ်သည်။ အနာနှင့်ဆေး တည့်အောင်ပေးက ပျောက်ရေးမခက်ပါဆိုသည်နှင့်အညီ မေးသော မေးခွန်းနှင့် ဖြေသော အဖြေသည် ကိုက်ညီမှုရှိပါက အမှတ်ရပါမည်။

စာမေးပွဲတွင် မေးခွန်းထုတ်သူက ရိုးရိုးစင်းစင်းမမေးဘဲ ဉာဏ်ကွန့်ကာ မေးတတ်ကြပါသည်။ ထိုသို့မေးရခြင်းမှာလည်း မြန်မာနိုင်ငံ၏ ပညာရေးကို နိုင်ငံတကာအဆင့်မီအောင် မေးရခြင်းဖြစ်ပါသည်။ ထိုဉာဏ်ကွန့်မေးထားသော မေးခွန်းများကို မိမိကျက်ထားသောစာများနှင့် စဉ်းစားသုံးသပ်ဖြေဆိုပါက အောင်ရမည် မလွဲပါ။ **“တပည့်တို့အနေဖြင့် အထက်ပါအတိုင်း အမေးနှင့် အဖြေတည့်အောင် ဖြေဖို့အရေးကြီးကြောင်း သတိပေးလိုပါသည်”**။ မည်သည့်ဘာသာရပ်မေးခွန်းကိုမဆို သဘောပေါက် နားလည်အောင် ထပ်ခါတလဲလဲဖတ်ရန် လိုအပ်ပါသည်။ မေးခွန်းဖတ်ရန် အချိန်ပေးသင့်ပါသည်။ မေးခွန်းကို နားလည်မည်ဆိုလျှင် ဘာတွေဖြေရမည်ကို စိတ်အေးအေးထား၍ စိတ်ကူးပုံကြမ်းချရပါမည်။ လိုရင်းအဖြေရရန် အစီအစဉ်ချ၍ ပါသင့်သည့် အကြောင်းအရာများကိုပါရန်နှင့် အဖြေနှင့်မဆိုင်သော အကြောင်းအရာများကို မပါစေရန် သတိပြုရပေမည်။

ဖြေဆိုရာတွင် မေးခွန်းအတွက် ခွင့်ပြုချိန်အတွင်း ပြည့်စုံအောင် ရေးသားရပါမည်။ ဖြေဆိုရမည့် အပုဒ်ရေစေ့အောင် ဖြေရမည်။ ဥပမာ-ဖြေရမည့် အပုဒ်(၆)ပုဒ်အတွက် သုံးနာရီခွင့်ပြုထားပါက (၁)ပုဒ်လျှင် မိနစ် ၃၀သာ အချိန်ရ၍ ထိုအချိန်အတွင်း ပြီးစီးအောင်ရေးရမည်။ မိနစ် ၃၀ ထက်ပို၍ (၁)ပုဒ်လျှင် ငါးမိနစ် သို့မဟုတ် ၁၀မိနစ် ပိုဖြေသွားပါက အခြားအပုဒ်များ ဖြေဆိုသည့်အခါ အချိန်လျော့သွားမည် ဖြစ်ပါသည်။ ဖြေဆိုရန် (၆)ပုဒ်အနက် (၅)ပုဒ်သာ ဖြေဆိုပါက အောင်မှတ်လျော့သွားမည် ဖြစ်သည်။

အထူးသဖြင့် မြန်မာစာမေးခွန်းမှ စာစီစာကုံးရေးရာ၌ အမှတ်(၂၀) အများဆုံးပေး၍ အခြားအပုဒ်များထက် အချိန်ပေးကာ မိနစ်၄၀ခန့် ပေးသင့်ပါသည်။ စာစီစာကုံးကို နောက်ဆုံးမှ မရေးဘဲ၊ သင့်တော်ရာအချိန်တွင် ရေးရမည့် ခေါင်းစဉ်၏ ပုံကြမ်းကိုစဉ်းစားကာ ခေါင်းစဉ်နှင့်လိုက်လျောညီထွေဖြစ်အောင် ရေးရမည်။ စာစီစာကုံးကို နောက်ဆုံးမှရေးလျှင် အချိန်နည်းသွားခြင်း၊ စဉ်းစားရန် အချိန်နည်းခြင်းတို့ကြောင့် ကမန်းကတန်း ဖြစ်ကတတ်ဆန်းဖြစ်သွားနိုင်သည်။ ဂုဏ်ထူးရရန်မှာ စာစီစာကုံးကို ကျနသေချာစွာရေးမှ ဂုဏ်ထူးရနိုင်ပါသည်။ မည်သည့်ဘာသာရပ်မဆို မေးသော မေးခွန်းများမှ စာလုံးပေါင်းသတ်ပုံ၊ ပေးထားသော ကိန်းဂဏန်းများ၊ ပုစ္ဆာများကို မှန်ကန်အောင်ကူးရေး၍ ဖြေရန်ဖြစ်ပါသည်။ အထူးသဖြင့် တွက်ချက်ရသော ပုစ္ဆာများသည် ကိန်းဂဏန်းမှားကူး၍ အဖြေမထွက်ဘဲ ဖြစ်တတ်ပါသည်။ တွက်ချက်ရသော သင်္ချာနှင့် ရူပဗေဒဘာသာရပ်များတွင် တွက်ချက်နည်းအဆင့်ဆင့်ကို အမှတ်ပေး၍၊ အဖြေမထွက်စေကာမူ တွက်ချက်ပုံများကို အဆင့်ဆင့်အမှတ်ပေးပါသည်။ သင်္ချာတွက်ရာတွင် သပ်ရပ်သေချာ တိကျရမည်။ ပုံဆွဲဖြေရသော ဇီဝဗေဒ၊ ပထဝီဘာသာရပ်များ၌ ပုံကို သေသပ်စွာဆွဲမှ အမှတ်ရနိုင်ပါသည်။

စာဖြေရာတွင် မိမိလက်ရေးကို အလွန်သေးငယ်သော၊ အလွန်ကြီးသော စာလုံးများ မရေးသင့်ပါ။ သင့်တော်သော စာလုံးအရွယ်အစားဖြင့် ခပ်ကျဲကျဲ၊ ခပ်ရှင်းရှင်း ပီပီသသရေးရန် ဖြစ်ပါသည်။ (လက်ရေးလှရန် မလိုပါ။)

စာမေးပွဲဖြေရန် နီးကပ်လာသောအချိန်တွင် စာဖြေသူများသည် ကျန်းမာရေးကို အထူးဂရုစိုက်ရမည်။ အစား၊ အသောက်၊ အနေအထိုင်၊ အသွားအလာ၊ အအိပ်အနေများကို သတိထားရမည်။ ဤသို့ သတိမထားပါက မမျှော်လင့်သော အဟန့်အတားများ ပေါ်ပေါက်လာနိုင်ပါသည်။ စာမေးပွဲဖြေချိန်တွင် ဆေးရုံ၌ဖြေရခြင်း၊ ဖျားနာနေခြင်း၊ အားနည်းနေခြင်းများ မရှိစေရန် အထူးဂရုပြုရမည်။ စာမေးပွဲနီးမှ ညလုံးပေါက် စာကျက်ခြင်းကို အထူးရှောင်ရှားရမည်။ ပုံမှန်အနေအထားဖြင့် အိပ်ရေးဝအောင် အိပ်ရမည်။ အထူးသဖြင့် သင်္ချာဖြေရမည့် မတိုင်မီ ညတွင် အိပ်ရေးဝအောင် အိပ်မှသာ ဦးနှောက်ကြည်လင် ရှင်လန်း၍ သင်္ချာမေးခွန်းကို ကောင်းစွာ ဖြေဆိုနိုင်မည်။ သင်္ချာတွက်ရာတွင် မိမိနားလည်၍ လွယ်သောအပုဒ်မှစ၍ စိတ်အေးလက်အေး တွက်သွားရမည်။ တွက်၍မရသော ပုစ္ဆာကို ထပ်ခါတလဲလဲတွက်နေခြင်းဖြင့် အချိန်ကုန်၍ အကျိုးမဲ့မည်ဖြစ်ပါသည်။ အမှန်ဆိုရသော် တစ်နှစ်ပတ်လုံး ကျောင်းမှန်မှန်တက်၍ စာမှန်မှန်ကျက်ခဲ့သော ကြိုးစားမှုများသည် စာဖြေချိန်၌ စဉ်းစားသောအခါ ထွက်ပေါ်လာပါသည်။ စာမေးပွဲနီးမှ နေ့လုံးပေါက်၊ ညလုံးပေါက်ကျက်၍ မမှတ်မိနိုင်ပါ။ ထို့ကြောင့် စာမေးပွဲဖြေရန် အဆင်သင့်ပြင်ထားပြီး စိတ်အေးချမ်းသာစွာ ပျော်ပျော်ရွှင်ရွှင်ဖြေဆိုရန် စိတ်ကူးထားရပါမည်။

စာဖြေသူသည် မိမိဖြေဆိုရမည့်အခန်းကို ကြိုတင်သိထားရန်လိုပြီး နာရီဝက်စော၍ ရောက်နေသင့်သည်။ စာမေးပွဲအတွက် မဖြစ်မနေယူဆောင်သွားရမည့် ဝင်ခွင့်ကတ်ပြားနှင့် လိုအပ်သော စာရေးကိရိယာပစ္စည်းများ၊ ဘောပင်များ လုံလောက်စွာယူသွားရမည်။ ဖြေဆိုရာတွင် သက်သောင့်သက်သာရှိစေရန် ဖြေဆိုမည့်နေ့တွင် အလွန်ကျပ်သော အင်္ကျီများ၊ ဘောင်းဘီ စသော အဝတ်အစားများကို မဝတ်ဆင်မိရန် သတိပြုသင့်ကြသည်။

အထူးသတိပြုရန်အချက်မှာ စာဖြေရာတွင် မည်သည့် မသမာသောနည်းဖြင့်မျှ ဖြေဆိုခြင်းမပြုရန် ဖြစ်ပါသည်။ မျက်စိရှင်သော၊ သတိရှိသော လက်ထောက်ကြီးကြပ်ရေးမှူးများသည် ခိုးချရန်ကြိုးစားနေသော၊ ခိုးချနေသော စာဖြေသူကို အလွယ်တကူ ဖမ်းနိုင်၍ အရှက်တကွဲ အကျိုးနည်းဖြစ်ကာ စာမေးပွဲဖြေဆိုခြင်းမှ တစ်နှစ်(သို့မဟုတ်) နှစ်နှစ် ဖြေဆိုခွင့်ပိတ်ပင်နိုင်ပါသည်။

မိမိသည် စာမေးပွဲဖြေဆိုရာ၌ အစစအရာရာ ကြိုတင်ပြင်ဆင်ထားပြီးဖြစ်၍ ရိုးရိုးသားသား ကြိုးစား ဖြေဆိုပါက အောင်ရမည်သာ ဖြစ်ပါသည်။ ထို့အပြင် စာဖြေသူ စိတ်အေးချမ်းမွေ့စွာ ဖြေဆိုနိုင်ရန် စာဖြေသူ၏ မိဘ၊ ညီအစ်ကိုမောင်နှမများ၊ ဆွေမျိုးသားချင်းများကလည်း အတတ်နိုင်ဆုံး ဝိုင်းဝန်းကူညီဆောင်ရွက်သင့်ပါသည်။ ဥပမာ-စာဖြေဌာနသို့ ဂရုတစိုက်ပို့ဆောင်ခြင်း၊ နောက်နေ့ဖြေဆိုရမည့် ဘာသာရပ်များကို ကျက်မှတ်စေခြင်း၊ ကျန်းမာရေးကို ဂရုစိုက်ခြင်း စသော ကိစ္စရပ်များဖြစ်ပါသည်။

နိဂုံးချုပ်ဆိုရသော် အခြေခံပညာရေးတွင် အလွန်အရေးကြီးသော စာမေးပွဲကြီးဖြစ်သည့် တက္ကသိုလ်ဝင်စာမေးပွဲကို အားကြိုးမာန်တက် ဖြေဆိုကြခြင်းဖြင့် မိမိအကျိုး၊ မိသားစုအကျိုး၊ နိုင်ငံတော်၏ ပညာရေးရည်မှန်းချက်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် မေတ္တာရေလောင်း၍ ဆုတောင်းလိုက်ရပါကြောင်း။ ။

အလုံမြို့နယ် ကျန်းမာရေးကြီးကြပ်မှုကော်မတီ ဆယ်အိမ်စုသွေးလွှန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး စေတနာ့ဝန်ထမ်း မြို့နယ်အဆင့် နည်းပြသင်တန်းကို မတ် ၉ ရက်က မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ်ကျန်းမာရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်က သင်တန်းဖွင့် အမှာစကား ပြောကြားစဉ်။ (မြို့နယ် ကျန်းမာရေး)

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်နှင့် စီးပွား/ကူးသန်းတို့ ဂိုးပြတ်အနိုင်ရပြီး နောက်တစ်ဆင့်တက်ရန် အခြေအနေကောင်းနေ

သတင်းမြင်ကွင်း-ဖိုးသော်ဇင် ဓာတ်ပုံမှတ်တမ်း-စိုင်းရဲရင့် စာမျက်နှာဖွဲ့စည်းမှု-တိုးလွင်(မြန်မာ့အလင်း)

ရန်ကုန် မတ် ၉

၂၀၀၈-၂၀၀၉ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း ကွင်းပိတ်(ရှုံး/ထွက်) ဘောလုံးပြိုင်ပွဲ ပထမအဆင့် ရှုံး/ထွက် ပထမအကျော့ပွဲစဉ်များကို ယနေ့ညနေ ၃ နာရီခွဲက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတွင် စတင်ကျင်းပရာ စီးပွား/ကူးသန်းအသင်းနှင့် ဘဏ္ဍာ/အခွန်တို့ နိုင်ပွဲရသွားကြပါတယ်။

သုဝဏ္ဏကွင်း

စီးပွား/ကူးသန်း - လေးဂိုး။
ကာကွယ်ရေးဝန်ကြီးဌာန - ဂိုးမရှိ။

အဆင့်မြင့်တန်း အမှတ်ပေးချန်ပီယံဆုကို ၁၇နှစ်အကြာမှာ ပြန်လည်ဆွတ်ခူးထားတဲ့ စီးပွား/ကူးသန်းအသင်းဟာ အခု ကွင်းပိတ်ပြိုင်ပွဲမှာလည်း အောင်ပွဲခံနိုင်ဖို့ အားထည့်ကစားနေတာကို တွေ့ရပါတယ်။ စီးပွား/ကူးသန်းအသင်းဟာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို ခြေအသာနဲ့ ကစားခဲ့တာဖြစ်ပြီး ပထမအကျော့မှာ ဂိုးပြတ်အနိုင်ရခဲ့လို့ ကွာတားဖိုင်နယ်ကိုတက်ဖို့ အခြေအနေကောင်းသွားခဲ့ပါပြီ။ စီးပွား/ကူးသန်းအသင်းရဲ့ နိုင်ပွဲကို အဓိကစွမ်းဆောင်ပေးခဲ့သူကတော့ အလယ်တန်းခံစစ်နေရာကနေ ကိုယ်တိုင်နှစ်ဂိုးသွင်းယူပေးခဲ့တဲ့ မင်းသူပဲ ဖြစ်ပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှာ ဌေးအောင်ကလွဲရင် စန်းမောင်၊ ထွန်းမင်းနိုင်၊ ရဲဝေယံစိုးတို့နဲ့ လူစုံနီးပါး ပါဝင်ခဲ့ပေမယ့် ပထမအကျော့မှာ ဂိုးပြတ်ရှုံးနိမ့်ခဲ့တာကြောင့် နောက်တစ်ဆင့်တက်ဖို့ မလွယ်တော့ပါဘူး။

ရာဇာဝင်းသိန်း၊ မျိုးမင်းထွန်း၊ ဘိုဘိုအောင်နဲ့ ထူးကျော်တို့ရဲ့ တိုက်စစ်အားဟာ ပွဲစကတည်းက ကာကွယ်ရေးဝန်ကြီးဌာနဘက်ကို ဖိအားပေးနိုင်ခဲ့ပါတယ်။ ပွဲအစ ခုနစ်မိနစ်မှာ စီးပွား/ကူးသန်း ဖွေဆော်ဦးဂိုးရသွားပြီး ကွင်းလယ်လူ အောင်မျိုးသန့်က သွင်းယူခဲ့တာဖြစ်ပါတယ်။ နောက်ခံလူ ဇော်လင်းထွန်းကလည်း ကာကွယ်ရေးဝန်ကြီးဌာနအသင်းရဲ့ အားထားရတဲ့ တိုက်စစ်မှူး ရဲဝေယံစိုးကို လှုပ်မရအောင် ကပ်ကစားနိုင်ခဲ့တာကြောင့်စီးပွား/ကူးသန်း အခွင့်အရေးပိုရခဲ့ပါတယ်။ စီးပွား/ကူးသန်းအတွက် အနိုင်ဂိုးတွေကိုတော့ မိနစ်၄၀နဲ့ ၄၅မိနစ်မှာ မင်းသူက နှစ်ဂိုးဆက်တိုက်သွင်းယူခဲ့လို့ ပထမပိုင်းအပြီးမှာ စီးပွား/ကူးသန်းက သုံးဂိုးပြတ်နဲ့ အနိုင်ရနေခဲ့ပါတယ်။

စီးပွား/ကူးသန်းမှ ရာဇာဝင်းသိန်း ကာကွယ်ရေးဝန်ကြီးဌာနမှ နောက်ခံလူကို ကျော်ပြီး ခေါင်းတိုက်ဂိုးသွင်းရန် ကြိုးစားခဲ့စဉ်။ (မြန်မာ့အလင်း)

ဒုတိယပိုင်းမှာတော့ စီးပွား/ကူးသန်းအသင်းဟာ အမာခံကစားသမားတွေဖြစ်တဲ့ ရာဇာဝင်းသိန်း၊ အောင်မျိုးသန့်၊ ထူးကျော်တို့ကို အနားပေးပြီး မင်းကိုကို၊ အောင်ကိုကိုဝင်းနဲ့ ကျော်ဇင်ဝင်းတို့ကို ထည့်သွင်းကစားခဲ့ပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာနအသင်းကလည်း ချေပဂိုးပြန်ရဖို့ ကြိုးစားခဲ့ပေမယ့် စီးပွား/ကူးသန်း နောက်တန်းကို မကျော်နိုင်ခဲ့ပါဘူး။ စီးပွား/ကူးသန်းအတွက် ပွဲသိမ်းဂိုးကိုတော့ ၇၅မိနစ်မှာ လူစားဝင်လာတဲ့ ကျော်ဇင်ဝင်းက သွင်းယူပေးခဲ့ပါတယ်။

အောင်ဆန်းကွင်း

ဘဏ္ဍာ/အခွန် - သုံးဂိုး။
မြို့တော်စည်ပင် - ဂိုးမရှိ။

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းကတော့ အသင်းခေါင်းဆောင် စိုးမြတ်မင်းရဲ့ ဟက်ထရစ်ဂိုးနဲ့အတူ မြို့တော်စည်ပင်ကို အနိုင်ရခဲ့တာကြောင့် ကွာတားဖိုင်နယ်တက်ဖို့ အခြေအနေကောင်းသွားခဲ့ပါပြီ။ အမှတ်ပေးပြိုင်ပွဲမှာ တွေ့ခဲ့ရစဉ်က တစ်ဂိုးနဲ့သာ ကပ်ပြီး အနိုင်ရခဲ့ပေမယ့် အခုပွဲမှာ စိုးမြတ်မင်း ခြေစွမ်းပြသွားလို့ ဂိုးပြတ်ခဲ့တာဖြစ်ပါတယ်။ ။

ယနေ့ ပွဲမရှိ

၁၁-၃-၂၀၀၉

သုဝဏ္ဏကွင်း

ဆက်သွယ်ရေး-သစ်တောရေးရာ။

အောင်ဆန်းကွင်း

ပို့ဆောင်ရေး-မြန်မာ့မီးရထား။

(မြန်မာ့အလင်း)

ပြည်မြန်မာသတင်းဂျာနယ် ယခုအပတ်ဖြန့်ချိ

ရန်ကုန် မတ် ၉

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၅၈)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ “မြန်မာ့ဘောလုံးလောက၏ အထူးခြားဆုံးအပြောင်းအလဲ၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် 3D ရုပ်လုံးကြွ ဒီဇိုင်းအသုံးပြုမှုများလာ၊ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် ပင်လယ်ရေအောက်ဆက်ကြောင်း ချိတ်ဆက်မည်၊ မြန်မာနိုင်ငံသို့ ကိုရီးယားအထည်ချုပ်လုပ်ငန်း ပြောင်းရွှေ့ရန် အလားအလာကောင်းများရှိ၊ ငွေဆောင်ဟိုတယ်ဇုန်တွင် သုံးဘီးဆိုင်ကယ်များ ပြေးဆွဲတော့မည်၊ ရေထွက်ကုန်ပစ္စည်း ၁၅ မျိုး ထိုင်းနိုင်ငံသို့ တင်ပို့မည်၊ တက္ကစီယာဉ်မောင်းအချို့ ခရီးသည်၏ လိမ်လည်မှုကို ခံနေရ၊ ရွှေတိဂုံရွှေထီးတော်ကြွခိုင်ရေး ဆောင်ရွက်ပြီးစီးသဖြင့် ရောင်တော်ဖွင့်၍ ငြမ်းများ စတင်ဖြုတ်ယူပြီ၊ မိတ္ထီလာမြို့ ကားလေလံပွဲသို့ မော်လမြိုင်မြို့ ကားလေလံပွဲမှ ကားဈေးနှုန်းများ သက်ရောက်မှုရှိနိုင်၊ Memory Sticks သုံးစွဲသူများ နှစ်ပိုင်းခွဲ၍ သုံးစွဲသင့်၊ မြန်မာနှင့် ထိုင်း ပူးပေါင်း၍ မြန်မာ့ကမ်းရိုးတန်းဒေသများ၌ လေမှ လျှပ်စစ်စွမ်းအင်ထုတ်ယူမည်၊ ဂျပန်နိုင်ငံမှ လျှုဒါန်းသော ကြိမ်နှုန်းမြင့် အသံလွှင့်၊ အသံဖမ်းစက်များကို ကမ်းရိုးတန်းဒေသများတွင် တိုးချဲ့တပ်ဆင်သွားမည်၊ သမ္မတရုပ်ရှင်ရုံအနီး ယာဉ်တိမ်းမှောက်မှုဖြစ် တစ်ဦးသေဆုံး၍ ၁၆ဦး ဒဏ်ရာရ၊ သစ်ပင်လူသား တရုတ်နိုင်ငံ၌ ဆေးကုသမှုခံယူခဲ့ရာ ပျောက်ကင်းလုနီးပါးဖြစ်သွားခဲ့၊ သေနတ်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုခံရသော သီရိလင်္ကာ ခရစ်ကက်အသင်းနှင့်အတူ ပါရှိခဲ့သူများက ကြောက်မက်ဖွယ်အဖြစ်ဆိုးကို ပြန်ပြောပြ၊ သားအိမ်နှစ်ခုရှိသူ အမျိုးသမီးက တစ်ခု တစ်ယောက်နှုန်းဖြင့် သမီးအမွှာနှစ်ယောက် မွေးဖွား၊ ဥက္ကာခဲကြီး တစ်ခဲ ကမ္ဘာမြေကို ထိမှန်ရန် သီသီလေးလွဲချော်သွားခဲ့၊ ရုရှားဂြိုဟ်တုနှင့် အမေရိကန်ဂြိုဟ်တုတို့ တိုက်မိခဲ့မှုမှာ အမေရိကန်ပြည်ထောင်စုက တမင်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟုဆို၊ နျူကလီးယားဗုံးပြုလုပ်ရန်အတွက် အီရန်နိုင်ငံ၌ ပစ္စည်းအပြည့်အစုံရှိနေပြီဟုဆို၊ ကမ္ဘာနှင့်တူသည့် ဂြိုဟ်များကိုရှာဖွေရန် ကမ္ဘာ့ပထမဆုံး အာကာသယာဉ်လွှတ်တင်၊ ကမ္ဘာ့ အဝဆုံးလူသား ကိုယ်ပိုင်ကားဖြင့် လျှောက်လည်နိုင်ပြီ၊ အိုဘားမားက တာလီဘန်များနှင့် စေ့စပ်ဆွေးနွေးရန် ကမ်းလှမ်းမည်နှင့် အထူးဆောင်းပါး” အပါအဝင် … စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံကို ဈေးနှုန်းတိုးမြှင့်ခြင်းမရှိဘဲ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁)	ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂)	ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ် ၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

စေတနာညကျောင်း ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် မတ် ၉

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ၏ လမ်းညွှန်မှုအရ ခရိုင်ကြီးကြပ်မှုကော်မတီ၏ အနီးကပ်ကြီးကြပ်မှု၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးမှုတို့ဖြင့် အလုံမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ စေတနာညကျောင်းကို အလက(၂)အလုံ၌ ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၁၁ ရက်က ဖွင့်လှစ်ခဲ့သည်။

ယင်းစေတနာညကျောင်းတွင် သင်ကြားခဲ့သော ဆရာ ဆရာမများနှင့် ကြီးကြပ်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပေးအပ်ပွဲ အခမ်းအနားကိုမတ် ၅ရက်က အဆိုပါ အသင်းရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အေးအေးယုက ညကျောင်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြကာ ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဆရာ ဆရာမများနှင့် အတန်းကြီးကြပ်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်များကို မြို့နယ်အသင်းဥက္ကဋ္ဌက ပေးအပ်သည်။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အက်ဖ်အေအကြိုဗိုလ်လုပွဲ၌ မန်ယူနှင့်အဲဗာတန်တွေ့ဆုံ မန်ယူအသင်း ဖလားဆွတ်ခူးရန် အခွင့်အလမ်းသာနေ

ရေးသားတင်ပြသူ - မောင်မောင်မြင့်ဆွေ ▲ စာမျက်နှာဖွဲ့စည်းမှု - ဘိုဘိုမင်း(မြန်မာ့အလင်း)

လန်ဒန် မတ် ၉

အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်ကို မတ် ၉ရက်က သတင်းထုတ်ပြန်တဲ့အခါ မန်ယူဟာ အဲဗာတန်နဲ့ ကစားရမှာဖြစ်ပြီး ချယ်လ်ဆီးအသင်းကတော့ အာဆင်နယ် သို့မဟုတ် ဟူးလ်စီးတီးနဲ့ ကစားရမှာ ဖြစ်ပါတယ်။

အကြိုတ်အနယ်

အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲတွေကို လာမယ့် ဧပြီ ၁၈ရက်နဲ့ ၁၉ရက်တွေမှာ ဝင်ဘလေကွင်းမှာ ယှဉ်ပြိုင်ကစားကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အကြိုဗိုလ်လုပွဲကို တက်ရောက်ဖို့ အာဆင်နယ်နဲ့ ဟူးလ်စီးတီးတို့နှစ်သင်းဟာ ကွာတားဖိုင်နယ်ပွဲစဉ်ကို အကြိတ်အနယ် ကစားကြရပါဦးမယ်။

ဆုံတွေ့ခဲ့ဖူး

မန်ယူအသင်းဟာ အကြိုဗိုလ်လုပွဲမှာ အဲဗာတန်နဲ့ ၁၉၉၅ခုနှစ်မှာ ဆုံတွေ့ခဲ့ဖူးပြီး အဲဒီပွဲစဉ်မှာ အဲဗာတန်တို့က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရကာ ဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့တဲ့ မှတ်တမ်းရှိပါတယ်။

ဘယ်လိုရင်ဆိုင်

အဲဗာတန်ကလည်း အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်မှာ မစ်ဒယ်ဘရော့ကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီး အကြိုဗိုလ်လုပွဲကို တက်ရောက်လာခဲ့တာဖြစ်ပါတယ်။ ဒီပွဲ အနိုင်ရတာဟာ မန်ယူတိုက်စစ်မှူးဟောင်း ဆာဟာရဲ့ ခေါင်းတိုက်သွင်းဂိုးကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် ဆာဟာအနေနဲ့ အသင်းဟောင်း မန်ယူကို အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲမှာ ဘယ်လို ရင်ဆိုင်မလဲ ဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

ပွဲကျပ်တိုး

ချယ်လ်ဆီးအနေနဲ့က ဟူးလ်စီးတီးအသင်း အကြိုဗိုလ်လုပွဲတက်လာဖို့ အခွင့်အရေးနည်းတာကြောင့် အာဆင်နယ်နဲ့ ရင်ဆိုင်ရဖို့ များနေပါတယ်။ ဒီလိုသာ ကြုံတွေ့ရရင်တော့ ချယ်လ်ဆီးတို့ ပွဲကျပ်တိုးပြီး ခက်ခက်ခဲခဲဖြတ်ကျော်ရမှာ ဖြစ်ပါတယ်။

ခြေကုန်ထုတ်

အာဆင်နယ်အသင်းအတွက်ကလည်း အကြိုဗိုလ်လုပွဲမှာ ချယ်လ်ဆီးနဲ့ ထိပ်တိုက်တိုးမှာကြောင့် ဒီနှစ်မှာ ဖလားလက်မဲ့မဖြစ်အောင် ခြေကုန်ထုတ်ကစားမှာမို့ လျှော့မှာတော့မဟုတ်ပါဘူး။ ဒီနှစ်သင်း အကြိုဗိုလ်လုပွဲမှာ အားကုန်ထုတ်မှာမို့ မန်ယူဟာ အဲဗာတန်ကို အနိုင်ကစားနိုင်ရင် ဗိုလ်လုပွဲမှာ ခြေပန်းနေတဲ့အသင်းနဲ့ တွေ့မှာ ဖြစ်ပါတယ်။

စောင့်ကြည့်

ဝေဖန်သုံးသပ်သူတွေကတော့ ဒီနှစ် အက်ဖ်အေဖလားဟာ ကံတရားဖေးမမှုကြောင့် မန်ယူအသင်း ဖလားဆွတ်ခူးနိုင်ဖို့ အခွင့်အလမ်းများနေကြောင်း ပြောကြားနေပါတယ်။ လက်တွေ့မှာဘယ်အသင်းဟာ အက်ဖ်အေဖလား ဆွတ်ခူးသွားမလဲဆိုတာ စောင့်ကြည့်ရမှာပဲ ဖြစ်ပါကြောင်း။ ။

(အင်တာနက်)

အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲ အထိ တက်ရောက်နိုင်အောင် စွမ်းဆောင်ပေးခဲ့သော ရွှန်နေနှင့် ကစားဖော်များကို ဤသို့တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အပြေးမယ်ရက်ကလစ်ဖ် လန်ဒန်မာရသွန်နှင့်လွဲချော်

လန်ဒန် မတ် ၉

ဗြိတိသျှအပြေးမယ် ပေါ်လာရက်ကလစ်ဖ်သည် အပြေးလေ့ကျင့်စဉ် ခြေချောင်းကျိုး ဒဏ်ရာရရှိခဲ့မှုကြောင့် လန်ဒန်မာရသွန်ပြိုင်ပွဲတွင် ပါဝင်မယှဉ်ပြိုင်နိုင်တော့ကြောင်း သတင်း၌ဖော်ပြသည်။



အောင်မြင်မှု

ရွှေတံဆိပ်သုံးဆုရှင် ရက်ကလစ်ဖ်သည် လာမည့် နိုဝင်ဘာလတွင် နယူးယောက်မြို့၌ ကျင်းပမည့် ပြေးခုန်ပစ်ပြိုင်ပွဲ၌ အောင်မြင်မှုကို တည်ဆောက်နိုင်ဖွယ်ရှိသည်ဟု ဆိုသည်။ **(အင်တာနက်)**

ဂျူဗင်းတပ်စ်နှင့် ကစားမည့်ပွဲစဉ်၌ အနယ်လ်ကာ ပါဝင်နိုင်ဖွယ်မရှိ

လန်ဒန် မတ် ၉

ဒဏ်ရာမှ အချိန်မီပြန်မကောင်းလာသူ ချယ်လ်ဆီးတိုက်စစ်မှူး အနယ်လ်ကာ ဂျူဗင်းတပ်စ်ကွင်း၌ သွားရောက်ရင်ဆိုင်ရမည့်ပွဲစဉ်တွင် ချယ်လ်ဆီးအသင်း၌ ပါဝင်နိုင်ဖွယ်မရှိကြောင်း သတင်း၌ဖော်ပြသည်။

သံသယဖြစ်

အနယ်လ်ကာ ပါဝင်နိုင်ခြင်း ရှိမရှိကို သံသယဖြစ်မိကြောင်း၊ ၄င်းသည်လေ့ကျင့်ကွင်း ဆင်းနေသော်လည်း ရက်ပေါင်းများစွာ အနားပေးထားခဲ့ရကြောင်း ချန်ပီယံလိဂ်ရှုံးထွက်ပြိုင်ပွဲ ပထမအကျော့တွင်အိမ်ကွင်း၌ ဂျူဗင်းတပ်စ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည့် ချယ်လ်ဆီးအသင်းနည်းပြ ဂူဟစ်ဒင့်က ထုတ်ဖော်ပြောကြားသည်။ (အင်တာနက်)

အင်တာမီလန်နှင့် မန်ယူပွဲစဉ် ခံစစ်မှူးဖာဒီနန် ပါဝင်နိုင်ဖွယ်ရှိ

လန်ဒန် မတ် ၉

ချန်ပီယံလိဂ်ရှုံးထွက်အဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် မတ် ၁၁ ရက်တွင် မန်ယူနှင့် အင်တာမီလန်တို့ ယှဉ်ပြိုင်ကစားမည့်ပွဲစဉ်၌ မန်ယူခံစစ်မှူးဖာဒီနန် ကြွခိုင်မှုပြည့်ဝကာ ပြန်လည် ပါဝင်လာနိုင်ဖွယ်ရှိကြောင်း သတင်း၌ဖော်ပြသည်။

ယှဉ်ပြိုင်

အသက် ၃၀ရှိ ဗဟိုခံစစ်မှူးဖာဒီနန်သည် ပြီးခဲ့သည့် မတ် ၇ရက်က အက်ဖ်အေဖလား ကွာတားပွဲစဉ်အဖြစ် ဖူလ်ဟမ်အသင်းနှင့် ယှဉ်ပြိုင်ကစားစဉ် ဒူးဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။ (အင်တာနက်)

ပို့စ်မောက်တောင်ပံမှ လစ်တယ်လ် အသင်းဟောင်း ရက်ဒင်းသို့ပြန်မည်

လန်ဒန် မတ် ၉

ပို့စ်မောက်တောင်ပံကစားသမား ဂလင်းလစ်တယ်လ်သည် ယင်းအသင်းတွင် တစ်နှစ်ကျော်ကစားပြီးနောက် ၄င်း၏အသင်းဟောင်း ရက်ဒင်းအသင်းသို့ ပြန်သွားမည်ဟု သတင်း၌ ဖော်ပြသည်။

သွားရောက်ကစား

အသက် ၃၃နှစ်ရှိ လစ်တယ်လ်သည် ပြီးခဲ့သည့်နှစ် နွေရာသီက ရက်ဒင်းမှ ပို့စ်မောက်သို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ပြီး ရာသီကုန်အထိ ကစားရန် စာချုပ်ထားသူဖြစ်သည်။ **(အင်တာနက်)**

လစ်လပ်သွားသည့် ကယ်လ်ဇာဂီ၏နေရာ အစားထိုးယူမည်ဟု မက်ကာရီနယ်လီဆို

လန်ဒန် မတ် ၉

ဝေလလက်ဝှေ့ကျော် ဂျိုးကယ်လ်ဇာဂီ လက်ဝှေ့လောကမှ အနားယူသွားပြီးနောက် ၄င်း၏နေရာတွင် အစားထိုးနေရာယူမည်ဖြစ်ကြောင်း အန်ဇိုမက်ကာရီနယ်လီက ကတိပြုပြောကြားသည်။

ပြီးခဲ့သည့် ၂၀၀၈ခုနှစ် မတ်လက ၄င်း၏ ဒဗလျူဘီအို သရဖူကာကွယ်ပွဲတွင် ဒေးဗစ်ဟာရေးအား ရှုံးနိမ့်ခဲ့သူ အသက် ၂၈နှစ်ရှိ မက်ကာရီနယ်လီသည် ဒဗလျူဘီအို ခရူဆာဝိတ် ခါးပတ်လုပွဲအဖြစ် လာမည့် မတ် ၁၄ရက်၌ အမေရိကန်လက်ဝှေ့သမား အိုလာအဖိုလာဘီနှင့် မန်ချက်စတာမြို့ အမျိုးသားအားကစားရုံကြီး၌ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ **(အင်တာနက်)**

ချစ် စိုး နိုင် စု စည်း တင် ပြ သည်



ရင်ခွင်ဦးရေ!
ဒို့နှစ်ယောက်အတူ ဆိုထားခဲ့ဖူးတဲ့
သစ္စာတွေလည်း ကိုယ့်ဘက်က
တည်နေဆဲပါ
တန်ဖိုးထားခဲ့ဖူးတဲ့
မေ့မျက်ဝန်းလေးတွေကိုလည်း
မြင်ယောင်နေဆဲပါ
အနားမှာမင်းမရှိတော့
JASMINE PHYU က
ဝယ်ပေးခဲ့ဖူးတဲ့
လည်ဆွဲကလေးကို
ငေးကြည့်ရင်း
အလွမ်းတွေလည်း ဝေနေရဆဲပါ....

အမှတ် ၅၆/အေ၊ ကမ္ဘာအေးဘုရားလမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
(ချမ်းမြေ့ရိပ်သာဘုန်းကြီးကျောင်းရှေ့)
ဖုန်း-၉၅-၁-၆၆၁၇၆၂၊ ၀၁-၆၆၁၇၆၂၊ ၀၁-၆၆၆၃၂၁

မိဘအမည်မှန်

အထက(၁) ပြင်ဦးလွင်မြို့ တက္ကသိုလ်ဝင်တန်း(M)မှ မောင်စည်သူအောင်၊ အဌမတန်း (A)မှ မောင်ဖြိုးမောင်နှင့် ဆဌမတန်း(D)မှ မဟန်နီထွေးတို့၏ မိဘအမည်မှန်မှာ မောင်အိုက်ငင်း(ခ) ဦးမောင်မြင့် ၉/မမန(နိုင်) ၀၁၅၄၃၆နှင့် မအဲညွန့်(ခ)ဒေါ်အေးညွန့်(ခ)ဒေါ်နန်းညွန့် ၁၃/သပန(နိုင်) ၀၀၂၉၈၂ ဖြစ်ပါကြောင်း။

မြန်မာနယူးစ်ဝိခ်ဂျာနယ် ယခုအပတ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၉

လုံလောက်သည့် ကိုယ်ပိုင်နေရာ အကျယ်အဝန်းနှင့် ပတ်ဝန်းကျင် ထောက်ခံချက်များရရှိပါက ဝပ်ရှော့လုပ်ငန်းများ ဆက်လက်လုပ်ကိုင်ခွင့်ပေးထား သို့မဟုတ်ပါက မြို့ပြင်သို့ ထွက်ရမည် သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ် ဂျာနယ်အတွဲ(၂)၊ အမှတ်စဉ်(၆၈)ကို ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ယနေ့ ဖြန့်ချိလိုက်သည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်တွင် စက်မှုဇုန်ကား ဝယ်တော့မယ်ဆို သတိထား၊ မော်တော်ယာဉ် ကိုယ်ထည်များတွင် စီးပွားရေးကြော်ငြာများ ရေးဆွဲအသုံးပြုထားခြင်းဖျက်ထားပြီး ကညနသို့ လာရောက်ပြသပါက ဆောင်ရွက်ခငွေနှစ်ဆ ကောက်ခံမည်။ မန္တလေး ကျောက်မျက်ရတနာနှင့် တရုတ်ကုန်သည်များ ပို့ကုန်ဆန်စျေး ပြန်လည်မြင့်တက်၊ စင်ကာပူ ကုန်သေတ္တာ သယ်ယူပို့ဆောင်ရေးလုပ်ငန်း ရန်ကုန်၌ အမြတ်ပေါ်၊ နေပြည်တော်၌ ပုဂ္ဂလိကဆေးရုံ တစ်ခုတည်ဆောက်၊ ကုမ္ပဏီပိုင်ရှင်များလည်း ဘောလုံးအသင်းပိုင်ရှင်ဖြစ်လာ၊ ရန်ကုန်ရွှေစျေးအကျဘက်သို့ ဦးတည်နေသဖြင့် ဝယ်ယူသူပိုမိုများလာ၊ YCDC မှ ရေစုတွင်းကျယ် ရှစ်ခုထပ်မံတူးဖော်၊ စမ်းချောင်းမြို့နယ် ပဒုမ္မာပန်းခြံအတွင်းနှင့် ကမာရွတ်မြို့နယ် လှည်းတန်း ဘတ်စ်ကားမှတ်တိုင်တို့၌ ပေါက်ကွဲမှုနှစ်ခုဖြစ်ပွားခဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် လုပ်ငန်းအချို့ လေလံတင်၊ မြန်မာဆိုက်ဘာမြို့တော်တွင် အိမ်ရာ ပရောဂျက်များ အကောင်အထည်ဖော်မည်၊ ဥရောပနှင့် ဂျပန်တို့မှ မြန်မာ့သိုင်းပညာကို လာရောက်လေ့လာမည်၊ ပါမောက္ခဒေါက်တာ မြသိန်းဟန်၏ လက်ကပြောသောရောဂါများ၊ အမေရိကန်-တောင်ကိုရီးယား စစ်ရေးလေ့ကျင့်မှုအတွင်း မြောက်ကိုရီးယားက မိမိနယ်မြေအနီးသို့ကပ်၍ ပျံသန်းလာသည့် မည်သည့်လေယာဉ်ကိုမဆိုပစ်ချမည်၊ မြောက်ကိုရီးယားကို ကြားဖျက်ဟန့်တားမည့် အမေရိကန် အစီအစဉ် ဂြိုဟ်တုချင်း တိုက်မိစေရန် အမေရိကန်ကြံစည် လုပ်ဆောင်ခဲ့ကြောင်း ရုရှားပြောကြား စသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

(သတင်းစဉ်)

နွေရာသီ လူငယ်ဘတ်စကက်ဘော ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၉

၂၀၀၉ခုနှစ်နွေရာသီ အသက်(၁၄)နှစ်အောက်နှင့် အသက်(၁၆)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘော ပြိုင်ပွဲကို မတ်၂၃ရက်မှ ၂၉ရက်အထိ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

ထောက်ပံ့

အသက်(၁၄)နှစ်အောက်ပြိုင်ပွဲဝင်လိုသူများမှာ ၁၉၉၅ခုနှစ်မွေးဖွားသူဖြစ်ရမည်ဖြစ်ပြီး အသက်(၁၆)နှစ်အောက်ပြိုင်ပွဲဝင်လိုသူများမှာ ၁၉၉၃ခုနှစ် မွေးဖွားသူ ဖြစ်ရမည်ဖြစ်ပြီး အသက်ထောက်ခံချက်အတွက် မွေးစာရင်းမူရင်းသို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ်တင်ပြနိုင်ရမည်ဖြစ်သည်။ နယ်မှ လာရောက်ယှဉ်ပြိုင်သော အသင်းများအား မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ ငွေကျပ်တစ်သိန်းစီ ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး နေထိုင်စားသောက်စရိတ်များကို အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အသင်းဝင်ကြေးအဖြစ် တစ်သင်းလျှင် ကျပ်ငါးထောင် သတ်မှတ်ထားပြီး ပြိုင်ပွဲ ပွဲစဉ်မဲနှိုက်ရေးဆွဲခြင်းနှင့် အသက်စိစစ်ခြင်းကို မတ်၂၂ရက်တွင် ကျိုက္ကဆံဘတ်စကက်ဘောအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

(မြန်မာ့အလင်း)

Junior Davis Cup တင်းနစ်ပြိုင်ပွဲ ကျင်းပပြီးစီး

ရန်ကုန် မတ် ၉

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသော ၂၀၀၉ခုနှစ် Junior Davis Cup/Junior Fed Cup, World Junior Tennis Competition (Boys& Girls) Asia/Oceania Pre-Qualifying Tennis ပြိုင်ပွဲ၏ နောက်ဆုံးနေ့ ပြိုင်ပွဲများကို ယနေ့တွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။

ပါဝင်ယှဉ်ပြိုင်

အသက်(၁၆)နှစ်နှင့်အောက် Junior Davis Cup တင်းနစ်ပြိုင်ပွဲတွင် အသင်းခုနစ်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပထမ ဥဇဘက်ကစ္စတန်အသင်း၊ ဒုတိယ ပါကစ္စတန်အသင်းနှင့် တတိယ မြန်မာအသင်းတို့ ရရှိသည်။ အသက်(၁၆)နှစ်နှင့်အောက် Junior Fed Cup တင်းနစ်ပြိုင်ပွဲတွင် အသင်းလေးသင်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပထမ မလေးရှား၊ ဒုတိယ ကာဇက်စတန်အသင်းနှင့် တတိယ သီရိလင်္ကာအသင်းတို့ရရှိသည်။ အသက်(၁၄)နှစ်အောက် World Junior Tennis Competition အမျိုးသားပြိုင်ပွဲတွင် ပထမ မြန်မာအသင်း၊ ဒုတိယ စင်ကာပူအသင်းနှင့် တတိယ သီရိလင်္ကာအသင်းနှင့် အမျိုးသမီးပြိုင်ပွဲတွင် ပထမ မြန်မာအသင်း၊ ဒုတိယ စင်ကာပူအသင်းနှင့် တတိယ သီရိလင်္ကာအသင်းတို့ ရရှိခဲ့ကြသည်။

တိုက်ရိုက်ယှဉ်ပြိုင်ခွင့်

ပြိုင်ပွဲအမျိုးအစားလေးမျိုးကျင်းပရာတွင် ပထမ၊ ဒုတိယ၊ တတိယ သုံးသင်းသည် အာရှလက်ရွေးစင်ပွဲ အသက် (၁၆)နှစ်အောက် Junior Davis Cup အသင်း၊ အသက်(၁၄)နှစ်အောက် World Junior Tennis Competition အမျိုးသား၊ အမျိုးသမီးအသင်းတို့တွင် မြန်မာအသင်းအနေဖြင့် တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လောင်စာတွေကိုရှင်း
မီးဘေး
အန္တရာယ်ကင်း

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၌ နေရာကွက်ကျားမိုးရွာနိုင်

ရန်ကုန် မတ် ၉

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။

နေ့အပူချိန်များမှာ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ဒေသများတွင် မတ်လ၏ ပျမ်းမျှအပူချိန် ခန့်သာရှိခဲ့သည်။

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့၌ ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

၂၀၀၉ခုနှစ် မတ် ၁၀ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

အသက် ၅၀ အရွယ်မှစ၍ အမျိုးသားများ နေ့စဉ်ဒိုက်ထိုးလျှင် ပုံမှန်ထက် အသက်ပိုရှည်ရန် အထောက်အကူပြု

အသက် ၅၀အရွယ်မှ စတင်ကာ အသက်အရွယ်ရရှိလာသူ အမျိုးသားများအနေဖြင့် နေ့စဉ်ဒိုက်ထိုးခြင်းကဲ့သို့သော လေ့ကျင့်ခန်းမျိုးကို ပုံမှန်ပြုလုပ်ခြင်းဖြင့် အသက်ရှည်ကျန်းမာရေးအား အထောက်အကူဖြစ်စေကြောင်း ဗြိတိသျှသုတေသန ပညာရှင်များက ပြောကြားသည်။

ပိုမိုအသက်ရှည်

အသက် ၅၀အရွယ်မှစတင်ကာ ဒိုက်ထိုးခြင်းအလေ့အကျင့်ရှိသူများအား လေ့လာသုတေသနပြုခဲ့ရာ သာမန်ထက် နှစ်နှစ်ခွဲခန့် ကျန်းမာစွာ ပိုမိုအသက်ရှည်စေသည်ကို တွေ့ရှိရကြောင်း ၎င်းတို့က ပြောကြားသည်။

အသက်အရွယ်ရလာသော အမျိုးသား အမျိုးသမီးများအနေဖြင့် ကိုယ်လက် လေ့ကျင့်ခန်း တစ်နေ့လျှင် မိနစ် ၂၀ခန့် ပုံမှန်ပြုလုပ်ပေးပါက ပျမ်းမျှ အသက်တစ်နှစ်ကျော်ခန့် ပိုမိုအသက်ရှည်ကြောင်း တွေ့ရှိရသည်ဟုဆိုသည်။

လျော့ကျစေ

ထိုသို့ လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ပေးပါက သွေးတိုးနှင့် နှလုံးရောဂါများ ဖြစ်ပွားမှုကိုလည်း လျော့ကျစေကြောင်း ဗြိတိသျှသုတေသနပညာရှင်များက ဆက်လက်ပြောကြားသည်။ ။

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေ ဖေဖော်ဝါရီ ၁၇ရက်က ရွှေဘိုမြို့ ဆင်ဖြူရှင်လမ်း တိုးချဲ့ဆောင်ရွက်နေမှုနှင့် အမာခံဂျင်းလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းစစ်ဆေးရာ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံးချိုနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ဆည်ခရိုင် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနရုံး အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကျင်းပ

ကျောက်ဆည် ဖေဖော်ဝါရီ ၂၈

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်း ကျောက်ဆည်ခရိုင် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၈ နာရီက အဆိုပါရုံး အဆောက်အအုံသစ်၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ရီရီစိန်က ရုံးသစ်ဆောက်လုပ်မှုနှင့် ဦးစီးဌာန၏ လုပ်ငန်းများ ရှင်းလင်းတင်ပြပြီး ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းနှင့် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** ဆက်လက်၍ ဦးစီးအရာရှိဒေါ်ရီရီစိန်က ညွှန်ကြားရေးမှူးချုပ်၊တိုင်းဦးစီးမှူး၊ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် မြို့နယ်ဥက္ကဋ္ဌ တို့အား အထိမ်းအမှတ်အလံများ ပေးအပ်သည်။ **(ခရိုင် ပြန်/ဆက်)**

ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော လှည်းမှူးကျေးရွာ နှစ်လက်မ စက်ရေတွင်းကို ဖေဖော်ဝါရီ ၂၄ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ညီညီဆွေတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ် ပြန်/ဆက်)

နွားထိုးကြီးမြို့၌ နွေစပါးပျိုးထောင်

နွားထိုးကြီး မတ် ၄

ပြောင်းပြာဆည်ရေသောက် နွေစပါး ပျိုးထောင်နေမှုများကို မြင်းခြံခရိုင် ဥက္ကဋ္ဌ ဦးလှမိုးသည် မြင်းခြံနှင့်နွားထိုးကြီးမြို့နယ်များမှ စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များနှင့်အတူ ဖေဖော်ဝါရီ ၂၄ရက်က ပြောင်းပြာဆည်၌ ကွင်းဆင်းကြည့်ရှုကြသည်။

မြင်းခြံခရိုင်ဥက္ကဋ္ဌသည် မြင်းခြံမြို့နယ် ဗလုံရွာ၊ နွားထိုးကြီးနယ် လက်ဝဲမြင်းနီရွာနှင့် ပြောင်းပြာဆည်တို့တွင် ဆည်ရေသိုလှောင်မှု၊ ဆည်ရေ ပေးဝေနေမှုနှင့် ပျိုးထောင်နေကြသော နွေစပါး တောင်သူများနှင့်တွေ့ဆုံပွဲများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ (ဝ၉၂)

သာစည်မြို့နယ်စည်ပင် ကျေးလက်လမ်းသွားလာမှု ကောင်းမွန်ရေးဆောင်ရွက်

သာစည် ဖေဖော်ဝါရီ ၂၄

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပြနှင့်ကျေးလက် လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးအတွက် စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မိတ္ထီလာ-တောင်ကြီး ကားလမ်းမကြီးမှ ကုန်းဆောင်းသိမ်တော်သို့ သွားသောလမ်း အရှည်ပေ ၄၈၅၀၊ အကျယ် ၁၂ ပေ ကျောက်ခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ကြည်ကြည်စိန်နှင့်အဖွဲ့ ဆောင်ရွက်ရာသို့ ဇန်နဝါရီ ၁၄ရက်က အမှုဆောင်အရာရှိ ဦးမောင်တိုး ကွင်းဆင်းကြီးကြပ်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ညောင်ဦးမြို့နယ် စာကြည့်တိုက်များသို့ သုတရသ စာအုပ်စာစောင်များလှူဒါန်း

ညောင်ဦး မတ် ၂

ရန်ကုန်မြို့ ရွှေပြည်စိုးစာပေတိုက်မှဦးကျော်စွာဝင်း(မောင်ကျော်စွာ-ဒဂုံတက္ကသိုလ်)က သုတရသမဂ္ဂဇင်းမျိုးစုံ၊ စာအုပ်မျိုးစုံနှင့်ဂျာနယ်စာစောင် ၅၀၀ကို ညောင်ဦးမြို့နယ် အရှေ့ဖွားစောရွာ လူမှုရေးဆောင်စာကြည့်တိုက်**(အောက်ပုံ)**နှင့် အနောက်ဖွားစောရွာ ဖူးပွင့်ဝေစာကြည့်တိုက်များသို့ ပေးပို့လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂ရက်က အဆိုပါစာကြည့်တိုက်များ၌ ကျင်းပရာ ရပ်မိရပ်ဖ ဦးသိန်းလှိုင်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ စာကြည့်တိုက်မှူး ဦးကျော်တင့်နှင့် ဦးဝင်းနိုင်တို့ တက်ရောက်ကြပြီး အလှူရှင်ရွှေပြည်စိုးစာပေတိုက်မှဦးကျော်စွာဝင်း(မောင်ကျော်စွာ- ဒဂုံတက္ကသိုလ်)၏ကိုယ်စား ဦးသန်းအောင်(ညောင်ဦးမြို့ ဆန်နီမော်တော်ယာဉ်အသင်း)က စာအုပ်မျိုးစုံနှင့်ဂျာနယ်စာစောင် ၅၀၀ကို ကျေးရွာစာကြည့်တိုက်မှူးများထံ ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ကြက်ခြေနီဘာသာရပ် ပြန့်ပွားရေးနှင့် သွေးလှူရှင်များတိုးပွားရေး ဟောပြောဆွေးနွေး

မြစ်ကြီးနား မတ် ၈

ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီကကြီးမှူး၍ ကြက်ခြေနီဘာသာရပ် ပြန့်ပွားရေးနှင့် စေတနာသွေးလှူရှင်များတိုးပွားရေး ဟောပြောဆွေးနွေးပွဲကို မတ် ၃ရက် မွန်းလွဲ ၂နာရီက မြစ်ကြီးနားပညာရေးကောလိပ် အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင်များ၊ ကချင်ပြည်နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ပြည်နယ်ဦးစီးမှူး(ပထမတန်း)ဦးဂဲနက်(စ်)နှင့်တပ်ဖွဲ့ဝင်အရာရှိများ၊ အထွေထွေရောဂါကုဆေးရုံသွေးလှူဘဏ်မှ အထူးကုဆရာဝန်(ရောဂါဗေဒ) ဒေါက်တာခင်မြမွန်၊ မြစ်ကြီးနားပညာရေးကောလိပ်မှ ကျောင်းအုပ်ကြီး ဒေါ်သန်းနု၊ ပညာရေးကောလိပ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါ်ချစ်စိန်၊ ဌာနမှူး၊လက်ထောက်ကထိက၊ နည်းပြများ၊ ကျောင်းသားကျောင်းသူများ၊ လေ့ကျင့်ရေးအလယ်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ကြက်ခြေနီသင်တန်းသားသင်တန်းသူများ စုစုပေါင်း အင်အား ၅၄၀တက်ရောက်ကြသည်။

အခမ်းအနားတွင် ကချင်ပြည်နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ပြည်နယ်ဦးစီးမှူး(ပထမတန်း) ဦးဂဲနက်(စ်)က ကြက်ခြေနီဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ဟောပြောဆွေးနွေးပြီး ဒေါက်တာခင်မြမွန်က စေတနာသွေးလှူရှင်များတိုးပွားရေး သိကောင်းစရာများကို စည်းရုံးဟောပြောဆွေးနွေးကြောင်း သိရသည်။ (ဝဝ၃)

ဧရာဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချို ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဗိုလ်မြတ်ထွန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၃ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်နှင့် အင်ဂျင်နီယာမှူး ဦးဌေးဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ယင်းမာပင်မြို့နယ်၌ ဆောင်ရွက်

ယင်းမာပင် မတ် ၂

မုံရွာခရိုင် ယင်းမာပင်မြို့နယ်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်အောင်၊ မြို့နယ်အတွင်းရေးမှူး ဦးသန်းဇော်ဝင်းနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များပါဝင်သည့် မီးဘေးကြိုတင်ကာကွယ်ရေးကြီးကြပ်မှုကော်မတီအဖွဲ့ လေးဖွဲ့သည် ဖေဖော်ဝါရီ ၂၅ရက် ညနေ ၄နာရီက မြို့မ(၄)ရပ်ကွက်ရှိ အစိုးရရုံးဌာနများ၊ လူနေအိမ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ မီးဘေးကြိုတင်ကာကွယ်ရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံစစ်ဆေးဆောင်ရွက်ကြောင်းသိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ပြင်ဦးလွင်မြို့၌ စာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်း

ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၈

(၆၂)မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်မြို့ရှိ ကျေးရွာစာကြည့်တိုက်များအတွက် ဂျာနယ်မျိုးစုံအစောင် ၅၅၀ကို ဖေဖော်ဝါရီ ၁၀ရက်က ခရိုင်အတွင်းရေးမှူး ဦးခင်မောင်ဝင်းနှင့် ခရိုင်အလုပ်အမှုဆောင်များက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ လာရောက်လှူဒါန်းရာ ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်သင်းက လက်ခံယူခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

ပိန်းဇလုပ် တိုက်နယ်ဆေးရုံ၌ အခမဲ့ကွင်းဆင်းခွဲစိတ်ကုသ

ပိန်းဇလုပ် မတ် ၉

မြန်မာနိုင်ငံဆရာဝန်အသင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းနှင့်စေတနာအလှူရှင်များ ပူးပေါင်းဆောင်ရွက်၍ ကျေးရွာသူ ကျေးရွာသားများအား အခမဲ့ကွင်းဆင်း ခွဲစိတ်ကုသမှုလုပ်ငန်းကို ဖေဖော်ဝါရီ၂၇ရက်မှ မတ်၂ရက်အထိ ပဲခူးတိုင်း ပိန်းဇလုပ်တိုက်နယ်ဆေးရုံ၌ကျင်းပသည်။

ကြည့်ရှုကုသပေး

အဆိုပါခရီးစဉ်တွင် ခွဲစိတ်သမားတော်ကြီး အပါအဝင် ဆရာဝန် ရှစ်ဦး၊ သူနာပြု ဆရာမ ငါးဦးတို့အဖွဲ့သည် ပိန်းဇလုပ်မြို့အနီး ရပ်ကွက်ကျေးရွာများမှ ခွဲစိတ်လူနာရှင်ပေါင်း ၅၁ ဦးတို့အား အခမဲ့ခွဲစိတ်ကုသပေးပြီး အထွေထွေရောဂါဝေဒနာရှင် ၃၀၀ ကျော်ခန့်ကိုလည်း ကြည့်ရှုကုသပေးကာ ဆေးဝါးများ အခမဲ့ပေးလှူခဲ့ကြသည်။

ကူညီဆောင်ရွက်

အဆိုပါခွဲစိတ်ကုသပေးခြင်းနှင့် အခမဲ့ဆေးဝါးများ လှူဒါန်းပေးမှုကို ပိန်းဇလုပ်တိုက်နယ်ဆေးရုံဆရာဝန် ဒေါက်တာဒေါ်သင်းသင်းအိနှင့်ဆေးရုံဝန်ထမ်းများ၊မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ဆက်ရီနှင့်အဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။ (၄၅၂)

မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပညာပေးဟောပြော မန္တလေး၌ လက်တွေ့သရုပ်ပြသ၊ ရှောင်တခင်စစ်ဆေး

မန္တလေး ဖေဖော်ဝါရီ ၂၈

၂၀၀၉ ခုနှစ် စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် မန္တလေးတိုင်း မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မန္တလေးတိုင်း မီးသတ်ဦးစီးဌာနမှ မန္တလေးတိုင်းအတွင်းရှိ အဆောင်နေဘော်ဒါများအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပညာပေးဟောပြောခြင်း၊ သရုပ်ပြသခြင်း၊ စစ်ဆေးခြင်းများကို ရှောင်တခင်ပြုလုပ်လျက်ရှိရာ ဖေဖော်ဝါရီ၁၀ရက်နံနက်က မန္တလေးတိုင်း မီးသတ်ဦးစီးဌာနတိုင်းဦးစီးမှူး ဦးတင်မင်းသည် တိုင်းရုံးမှ ဦးစီးအရာရှိ ဦးထွန်းထွန်းစိုး၊ မန္တလေးခရိုင် အရန်မီးသတ်ကြီးကြပ်ရေး ကော်မတီဝင် တပ်ခွဲမှူးဦးမျိုးညွန့်၊ဦးဝင်းစိန်၊ဦးမောင်တာတို့လိုက်ပါလျက်ပြင်ဦးလွင်မြို့ပေါ်ရှိ ဘော်ဒါဆောင်များကို ကွင်းဆင်းစစ်ဆေးကြသည်။

ကာကွယ်ရေး

ရှေးဦးစွာ အဆိုပါအဖွဲ့သည် ရပ်ကွက်ကြီး(၁)ရှိ စာပန်းအိမ်ဘော်ဒါဆောင်သို့ ရောက်ရှိရာ မြို့နယ်ကျောင်းစာသင်ခန်းမတွင် အုပ်ချုပ်ရေးမှူးနှင့် အဆောင်မှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ တိုင်းဦးစီးမှူးက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အဆောင်နေကျောင်းသား ကျောင်းသူများ၊ အဆောင်မှူးများ၊ ဆရာ ဆရာမများ လိုက်နာရမည့် ဆောင်ရန်၊ ရှောင်ရန်ကိစ္စရပ်များကို လည်းကောင်း၊ ဦးစီးအရာရှိ ဦးထွန်းထွန်းစိုးက အရေးပေါ် လျှပ်စစ်မီး၊ ရိုးရိုးမီးလောင်ကျွမ်းပါက လက်ဦးမှုရရှိစေနိုင်ရေးအတွက် သက်ဆိုင်ရာ မီးသတ်ဆေးဘူးများဖြင့် တစ်ပိုင်တစ်နိုင် ငြိမ်းသတ်နည်းများကို ရှင်းလင်းတင်ပြပြီး အဆောင်ကွင်းပြင်တွင် အဆောင်မှူးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား လက်တွေ့ငြိမ်းသတ်သရုပ်ပြသည်။ **(အပေါ်ယာပုံ)**

စစ်ဆေး

ထို့နောက် အဆောင်အတွင်း အိပ်ခန်းများ၊ စာသင်ခန်းများ၊ စားဖိုဆောင်ချက်ပြုတ် မီးသုံးစွဲမှုများကို လည်းကောင်း လျှပ်စစ်ဝိုင်ယာကြိုး သွယ်တန်းမှု၊ မီးသတ်ဆေးဘူးထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အလားတူ ရပ်ကွက်ကြီး(၁)ရှိ စိုးစံလေ့ကျင့်ရေးစခန်းမိသားစုပညာသင်ကလေးများ ဂေဟာများကိုလည်း စစ်ဆေးခဲ့ကြောင်း သိရသည်။ (ဝ၉ဝ)

ထီးလင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော ရည်မှန်းချက်ရှိရမည် ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ထီးလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်သို့ မြို့နယ်အသင်းအတွင်းရေးမှူး ဦးခင်မောင်ဌေးက မတည်ငွေပဒေသာပင် ကျပ် ၂၀၀၀၀ ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

ခရီးသွားအာမခံနှင့် သူတစ်ပါးထိခိုက်မှု အာမခံလျော်ကြေးပေးအပ်ပွဲ တောင်ကြီး၌ ကျင်းပ

တောင်ကြီး မတ် ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မြန်မာ့အာမခံလုပ်ငန်းမှ ခရီးသွားအာမခံနှင့် သူတစ်ပါးထိခိုက်မှု အာမခံလျော်ကြေး ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၆ရက် မွန်းလွဲ ၁နာရီက မြန်မာ့အာမခံလုပ်ငန်း ရှမ်းပြည်နယ် ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဌေးဆင့်၊ မြန်မာ့အာမခံလုပ်ငန်း ရှမ်းပြည်နယ်ရုံးခွဲတာဝန်ခံ ဒေါ်အေးအေးမော်နှင့် ရုံးဝန်ထမ်းများ၊ အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့အာမခံလုပ်ငန်း ရှမ်းပြည်နယ်ရုံးခွဲမှ တာဝန်ခံဒေါ်အေးအေးမော်က လျော်ကြေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ညောင်ရွှေမြို့ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဌေး၏ ဇနီးဒေါ်လှလှသန်းအား လျော်ကြေးငွေကျပ် ၂၁၀၀၀၀ ကို ပေးအပ်ကြောင်း သိရသည်။ **(အောက်ပုံ) (ပြည်နယ် ပြန်/ဆက်)**

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် နတ်မောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် (၁၅)ကြိမ်မြောက် အလှူရှင်စက်ရေတွင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသန်းကိုနှင့် အမှုဆောင်အရာရှိဦးကံချွန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန်လျာထားသည့် ဈေးလမ်းကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ညီညီထွန်း ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးထန်ဒေါင့်တွန် ကွင်းဆင်းကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်း သနပ်ပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ အဖွဲ့ရန်ပုံငွေဖြင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ဆောင်ရွက်သော ဈေးပိုင်းရပ်ကွက် နှင်းဆီလမ်းထိပ်ရှိ ရေနုတ်မြောင်းပြုပြင်မှုကို ဇန်နဝါရီ၁၀ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချိုနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (ဝ၅ဝ)

နေပြည်တော်ပျဉ်းမနား အမက(၁) ဘက်စုံပညာရည်ချွန်ဆုပေးအပ်ချီးမြှင့်

နေပြည်တော်ပျဉ်းမနား ဖေဖော်ဝါရီ ၂၄

နေပြည်တော်ပျဉ်းမနား အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း(မြို့မ) ၂၀၀၇-၂၀၀၈နှင့် ၂၀၀၈-၂၀၀၉ ပညာသင်နှစ်များအတွက် ဘက်စုံပညာရည်ချွန်ဆု ချီးမြှင့်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၉ရက် မွန်းလွဲ ၁နာရီက ကျင်းပသည်။

အခမ်းအနားကို ကျောင်းသား ကျောင်းသူလေးများက မြန်မာ့ကျောင်းသီချင်း သီဆို၍ ဖွင့်လှစ်ပေးပြီး မြို့နယ်ပညာရေးမှူးဦးစိုးလှိုင်၊ ကျောင်းအကျိုးတော်ဆောင် ဦးမြင့်လွင်(စံကောင်း)နှင့် ကျောင်းအုပ်ဆရာကြီး ဦးတင့်လွင်တို့က အမှာစကား ပြောကြားသည်။

ထို့နောက် ၂၀၀၇-၂၀၀၈နှင့် ၂၀၀၈-၂၀၀၉တွင် ထူးချွန်ဆု(အင်္ဂလိပ်စာဘာသာရပ်)ဆုရရှိသူ သူငယ်တန်းမှ မောင်သော်ဇင်ဖြိုးမြင့်နှင့် ဆုရရှိသူပေါင်း ၁၇၈ ဦးတို့အား တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။ (ဝ၈၄)

ငပုတောမြို့နယ်၌ ကျေးလက်လမ်းဖောက်

ငပုတော မတ် ၅

၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ငပုတောမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လေးလောင်းပျော်ကုန်း ကျေးလက်မြေသားလမ်း ဖောက်လုပ်ပြီးစီးမှုကို မတ်၁ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ယုနှင့် အမှုဆောင်အရာရှိ ဦးတိုးမြင့်အောင်က ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက ရှင်းလင်းပြသသည်၊အဆိုပါလမ်းမှာ ပေ၂၂၀၀ရှည်ပြီး မြေသားလမ်းဖြစ်၍ ပျော်ကုန်းရွာ၊ သရက်တောရွာနှင့် လေးလောင်းရွာတို့ ဆက်သွယ်သွားလာနိုင်သော ကျေးလက် လမ်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ ဆက်)**

ကြို့ပင်ကောက်မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇန်နဝါရီ၉ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးအရန်မီးသတ် တပ်ဖွဲ့များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ သရုပ်ပြဓာတ်တိုက် လေ့ကျင့်မှုကို အမှုဆောင်အရာရှိ ဦးတင်မြင့်၊မြို့နယ်မီးသတ်ဦးစီးမှူး ဦးချစ်ကိုဝင်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဒုတပ်ရင်းမှူး ဦးဇော်ဝင်းတို့ ကြီးကြပ်ပေးစဉ်။ (၁၈ဝ)

မှုခင်းသတင်း

လင်မယားချင်း စကားများရန်ဖြစ်ရာမှ လူသတ်မှုတစ်ခု ဖြူးမြို့နယ်၌ဖြစ်ပွားခဲ့

ဖြူး ဖေဖော်ဝါရီ ၂၈

ဖြူးမြို့နယ် ဖြူးရဲစခန်းအပိုင် အကြပ်အင်းကျေးရွာအုပ်စု အကြပ်အင်းကျေးရွာတွင် ဇန်နဝါရီ ၃၀ရက်က လင်မယားချင်း စကားများရန်ဖြစ်ရာမှ လူသတ်မှုတစ်ခုဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ အကြပ်အင်းကျေးရွာနေ အေးလွင်(၃၉)နှစ် (ဘ)ဦးမာဒင်သည် ဇန်နဝါရီ ၃၀ရက်က အရက်မူးပြီး ဇနီးဖြစ်သူ မခင်မာကြည် ၃၈နှစ် (ဘ)ဦးလှမင်းနှင့် လင်မယားချင်း စကားများရန်ဖြစ်ကြစဉ် အေးလွင်က မခင်မာကြည်အား ဆဲဆိုရိုက်နှက်သဖြင့် မခင်မာကြည်က မိခင်နေအိမ်သို့ တိမ်းရှောင်ထွက်ပြေးသွားသည်။

ထိုအခါ အေးလွင်က ဇနီးဖြစ်သူ မခင်မာကြည်၏ မိခင်နေအိမ်သို့လိုက်သွားပြီး ဇနီးသည်နှင့်လက်ခံထားသူများကိုပါ မကြားဝံ့ မနာသာ ဆဲဆိုကြိမ်းမောင်းနေသဖြင့် မခင်မာကြည်၏ မောင်များဖြစ်ကြသည့် အောင်လွင် အသက်(၃၀)နှင့် ညီဖြစ်သူ ကြည်လှိုင် (၂၈)နှစ်တို့က ဆဲဆိုကြိမ်းမောင်းမှုများမပြုလုပ်ရန် တောင်းပန်၍မရသဖြင့် အောင်လွင်က ယောက်ဖဖြစ်သူ အေးလွင်၏ နဖူးဆံစပ်အား အရိုးတပ်ရဲတင်းနှင့်ခုတ်လိုက်သဖြင့် အေးလွင်မှာ နေရာတွင်လဲကျသွားရာ အေးလွင်အား ဖြူးဆေးရုံသို့တင်ပို့ရန် နွားလှည်းဖြင့် တင်ဆောင်လာစဉ် လမ်းခရီး၌ပင် သေဆုံးသွားခဲ့သည်။

ဖမ်းဆီး

ယင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ ဖြူးရဲစခန်းမှ (ပ) (၁၈/၂၀၀၉) ပြစ်မှုဥပဒေပုဒ်မ ၃၀၂အရ အမှုဖွင့်လှစ်ပြီး တရားခံအောင်လွင်အား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။ (ဝ၅၁)

[illegible]

[illegible]

အမည်ပြောင်း

အဖ ဦးထွန်းဦး၏သား အမက (၆) အလုံ Grade -V မှ မောင်ဇွဲထက်အောင်ရှိန်းအား မောင်ထက်ပိုင်ထွန်း ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ထက်ပိုင်ထွန်း။

ကျေးဇူးဆပ်ပါမည်

ကျွန်မ ယုယုလှိုင် P.P. No. 678312 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၁-၇၉၂၉၇။**

သမီးနှင့်သားအဖြစ်မှစွန့်လွှတ်ခြင်း

စလင်းမြို့နယ် တောစိမ့်ကျေးရွာနေ (ဦးစိန်မောင်)-ဒေါ်ငွေမြိုင် ၈/စလန(နိုင်) ၀၅၃၇၂၉တို့၏ သားသမီးများဖြစ်သော ဒေါ်ခင်၈/စလန(နိုင်)၀၅၃၇၅၉နှင့် ဦးဟန်သောင်း၈/စလန(နိုင်)၀၅၃၇၁၈တို့သည် မိခင်၏ဆုံးမစကားကိုမနာခံဘဲ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် ပြုမူနေပါသဖြင့် သမီးနှင့်သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါသည်။ ၎င်းတို့နှင့်ပတ်သက်၍ လုံးဝ တာဝန်မယူပါကြောင်း။ **ဒေါ်ငွေမြိုင်။**

ပါမောက္ခ ဒေါက်တာမင်းတင်မွန်

မဟာသဒ္ဓမ္မဇောတိကဓဇ၏ ဝိသုဒ္ဓိမဂ်နှင့် တရားရှုနည်းသင်တန်း

သာသနာတော်၏ အနှစ်သာရဖြစ်သည့် သီလ-သမာဓိ-ပညာတို့ကို သင်ကြားပေးမည်ဖြစ်၍ တက်ရောက်ကြပါရန် ဖိတ်ကြားပါသည်။

နေရာ - စည်ပင်သာယာ ခမ္မာရုံ၊ ရွှေတိဂုံဘုရားလမ်း၊ တောင်ဘက်မုခ်

သင်တန်းချိန် - မတ် ၁၀ ရက်မှ ၂၃ရက်အထိ၊ ညနေ ၆နာရီမှ ၉ နာရီအထိ။

စာအုပ်စာပေ လူ့မိတ်ဆွေ

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေးရေစုကန်အတွင်း ရေဝင်ရောက်မှုနှင့် ရေပေးဝေမှုများ စနစ်တကျရှိစေရေးကို ဖေဖော်ဝါရီ ၁၇ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မှူးခင်းကျဆင်းရေးပညာပေးဟောပြောပွဲ ဖျာပုံမြို့နယ်တွင် ကျင်းပ

ဖျာပုံ မတ် ၄

ဖျာပုံမြို့နယ် ရဲတပ်ဖွဲ့မှူး၏စီစဉ်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မှူးခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို မတ်၃ရက် ညဂုနာရီက ဖျာပုံခရိုင် ရတနသိဒ္ဓိ သာသနာ့ဗိမာန်၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ဖျာပုံခရိုင်ရဲတပ်ဖွဲ့မှူးရဲမှူးစံသိန်းက အမှာစကားပြောကြားပြီး ဖျာပုံမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအေးကြူနှင့် ဖျာပုံရဲစခန်းမှူးရဲအုပ်အေးထွန်းမောင်တို့က နယ်မြေအတွင်းမှုခင်းများဖြစ်ပေါ်လာမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့မှရောက်ရှိလာကြသော စာရေးဆရာများ ဖြစ်ကြသည့် ဒါရိုက်တာ မောင်ယဉ်ကျော်၊ အဏ္ဏဝါစိုးမိုးနှင့် စုံထောက်မောင်ရေခဲတို့က မှုခင်းကျဆင်းရေး ပညာပေးနှင့် စာပေရေးရာများကို ဟောပြောပြီး အသံတုရဲမြင့်လေးက ဖျော်ဖြေမှု အစီအစဉ်များကို တင်ဆက်ဖျော်ဖြေသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဖုန်းမြင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။ (၁၃၈)

စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်) နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့် ဖေဖော်ဝါရီ ၅ရက်က မိုးညှင်းခရိုင် မိုးညှင်းမြို့မဈေးကြီးအတွင်း သားငါးများကို ယင်လုံဆန်ခါဖြင့် ရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးရာ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် မြို့နယ်အမှုဆောင်အရာရှိတို့က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

ကွမ်းလုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၂၅ရက်က ခရိုင်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းဦးဆောင်၍ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ရွေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဇော်ထွန်းနှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ ပါဝင်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

ကော့သောင်းမြို့ ဆိပ်ကမ်းသာပန်းခြံ သာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ ပေါင်းမြက်ရှင်းလင်းခြင်း၊ ပန်းအလှပင်များ မြေတောင်မြှောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာသို့ ဇန်နဝါရီ၂၂ရက်က အမှုဆောင်အရာရှိ ဦးမျိုးကြည်နှင့် ဦးစီးအရာရှိ ဦးဘဝ္မမ်တို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

အဘယဒါန၊ ဇီဝိတဒါန၊ အာယုဒါန မင်္ဂလာနှင့် မာလိနီ မင်္ဂလာရေကန်တော် ဖွင့်လှစ်ခြင်းမင်္ဂလာ အခမ်းအနားကျင်းပ

မတ် ၉ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုတို့ မာလိနီ မင်္ဂလာရေကန်တော်အတွင်းသို့ ရေသားသတ္တဝါ (ငါး၊လိပ်)များအား ဘေးမဲ့လွှတ်၍ အဘယဒါန၊ ဇီဝိတဒါန၊ အာယုဒါနမင်္ဂလာကို ဆောင်ရွက်ကြစဉ်။

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

မင်္ဂလာရေကန်တော်ဖွင့်လှစ်

မတ်၉ ရက်က ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ မဟာမင်္ဂလာ အခမ်းအနားများ ဆောင်ရွက်ကျင်းပ အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် အဘယဒါန၊ ဇီဝိတဒါန၊ အာယုဒါန မင်္ဂလာနှင့် မာလိနီ မင်္ဂလာရေကန်တော် ဖွင့်လှစ်ခြင်း မင်္ဂလာအခမ်းအနား ကျင်းပနေမှုကို တွေ့ရစဉ်။

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)